ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ အင်္ဂါနေ့၊ (28-2-2006) (၄၈၈၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လေထုနှင့်ရေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် မူဝါဒချမှတ်ထား
အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်များ နှစ်စဉ်ကျင်းပခဲ့
ကျင်းပသည့်အကြိမ်များလာသည်နှင့်အမျှ အရှိန်အဟုန်လျော့ကျမသွားစေရန် အရေးကြီး
ဈေးအိမ်သာများသန့်ရှင်းရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရေး ယခင်ထက် ပိုမိုဆောင်ရွက်
ကျောင်းများတွင် ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲရေး၊ ရေကောင်းရေသန့်ရရှိရေး တွန်းအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် နဝမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ်(၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုဆရာမကြီးများ၊ သူနာပြုများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ရေကောင်းရေသန့်ရရှိရေး၊ အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အထူးသဖြင့် လက်သန့်ရှင်းစင်ကြယ်ရေးနှင့် အစားအစာသန့်ရှင်းရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နဝမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၆) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၈-၂-၂၀၀၆
(အင်္ဂါနေ့)

ပို့ဆောင်ရေးစနစ် တိုးတက်ကောင်းမွန်ရေး ကဏ္ဍအလိုက် တီထွင်ကြံဆကြိုးပမ်း

နိုင်ငံတော်အစိုးရသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိသည်။ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လမ်းပန်းဆက်သွယ်ရေးများ ချောမွေ့ကောင်းမွန်စေရန် အစီအမံများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း မော်တော်ကားလမ်း၊ ရထားလမ်းသစ်များ တိုးတက်ကောင်းမွန်ရေးအတွက် လမ်းသစ်ပေါင်းများစွာကို တိုးချဲ့ဖောက်လုပ်လျက်ရှိသကဲ့သို့ လမ်းဟောင်းများကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် လမ်းသစ်များနှင့်အတူ တံတားကြီး၊ တံတားငယ်အသွယ်သွယ်တို့ကိုလည်း တည်ဆောက်ပေးလျက်ရှိရာ နယ်မြေဒေသ တစ်ခုနှင့်တစ်ခု အလွယ်တကူ ကူးသန်းဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

နိုင်ငံတော်၏ ပို့ဆောင်ရေးစနစ်ကိုကြည့်လျှင် ရထားပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးနှင့် မော်တော်ယာဉ် ပို့ဆောင်ရေးကဏ္ဍတို့သည် အဓိကကျသောကဏ္ဍများဖြစ်သည်။ နိုင်ငံတော်တွင် ပို့ဆောင်ရေးစနစ်သွက်လက်ထက်မြက် ချောမွေ့ကောင်းမွန်သည်နှင့်အမျှ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများလည်း ပိုမိုတိုးတက်မြင့်မား လာမည်ဖြစ်သည်။

ထို့ကြောင့် ပြည်သူများ၏ သွားလာရေး၊ ကုန်စည်ပို့ဆောင်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် သက်ဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍအလိုက် ကြိုးပမ်းလျက်ရှိကြသည်။ မိမိတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေး အစီအမံများကို ချမှတ်၍ စနစ်တကျ တီထွင်ကြံဆ ကြိုးပမ်းလျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ပြည်တွင်းရေကြောင်းသွားရေယာဉ်များ၊ ပြည်ပနိုင်ငံများရှိ ကုမ္ပဏီများက အပ်နှံသည့်ရေယာဉ်များ တည်ဆောက်ခြင်း၊ လွန်းတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ၁၉၉၃ ခုနှစ်မှ စ၍ နိုင်ငံခြားရေယာဉ်များကို စတင်တည်ဆောက်ခဲ့ရာ အပြည်ပြည်ဆိုင်ရာ ရေယာဉ်စစ်ဆေးရေး အဖွဲ့များ၏ စစ်ဆေးမှုအရ နိုင်ငံတကာအဆင့်မီ ရေယာဉ်များဖြစ်ကြောင်း သိရသည်။

ရေယာဉ်တည်ဆောက်ခြင်းလုပ်ငန်းတွင် စင်ကာပူ၊ တရုတ်၊ အင်ဒိုနီးရှား စသည့်နိုင်ငံတို့မှ အပ်နှံခဲ့သည့် ရေယာဉ် ၂၂စင်းအား တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအနေဖြင့် ရေယာဉ်တည်ဆောက်ခြင်းလုပ်ငန်းများနှင့်အတူ သင်္ဘောများ လွန်းတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ယခင်က တန်ချိန် ၁၇၀၀ အရွယ်ရှိ ရေယာဉ်များကိုသာ လွန်းတင်ပြင်ဆင်ခဲ့ရာမှ ယခုအခါ တန်ချိန် ၁၂၀၀၀ အရွယ် ရေယာဉ်ကြီးများကိုပါ လွန်းတင်ပြင်ဆင်နိုင်ပြီဖြစ်သည်။ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ဝန်ပြည့်တန်ချိန် ၁၃၀၀၀ ရှိ ဘက်စုံသုံး ကုန်တင်ရေယာဉ် 'မန္တလေး'ကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် လွန်းတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါသင်္ဘောကျင်းလုပ်ငန်း၌ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတစ်ခုကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလက တည်ဆောက်ပြီးစီးခဲ့ရာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း တန်ချိန် ၃၃၀၀ အရွယ်ရှိ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ရေယာဉ်များ အပါအဝင် ရေယာဉ်ခုနစ်စင်းကို လွန်းတင်ပြင်ဆင်ပေးနိုင်ခဲ့သည်။

ယခုကဲ့သို့ ပြည်တွင်းရှိ ရေလုံသင်္ဘောကျင်း၌ လွန်းတင်ပြင်ဆင်နိုင်ခြင်းဖြင့် ကုန်ကျစရိတ်၏ ၆၀ ရာခိုင်နှုန်းခန့် နိုင်ငံခြားငွေ သက်သာကြောင်း သိရသည်။

သို့ဖြစ်ရာ ပို့ဆောင်ရေးကဏ္ဍအလိုက် တာဝန်ရှိသူအသီးသီးတို့က ပြည်သူများ၏ ခရီးသွားလာ ကုန်စည်ပို့ဆောင်မှုများ လွယ်ကူစေရေး အပါအဝင် နိုင်ငံတော်၏ ပို့ဆောင်ရေးစနစ် တိုးတက်ကောင်းမွန်ရေးအတွက် အားသွန်ခွန်စိုက် တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju-Heum လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Ju-Heum သည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံမှူး Mr.Jongmoon Choi၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တပ်မတော် စစ်သမိုင်းပြတိုက် ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ၂၀၀၆ခုနှစ် (၆၁)နှစ် မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကျင်းပနိုင်ရေး ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ရန် မတ် ၁ ရက်မှ စတင်၍ ပြည်သူလူထုအား အခကြေးငွေယူ၍ ဖွင့်လှစ်ပြသခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး မတ် ၂၆ရက်တွင် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ အလုံမြို့နယ် ဆင်ရေကန်လမ်းမှ ကွယ်လွန်သူ ဦးဇော်မြင့်နှင့် တပ်ကြပ်ကြီး ကျော်စိုး(လေ) တို့အား ရည်စူး၍ ဦးထွန်းအောင်-ဒေါ်ခင်ကြည် မိသားစုက ငွေကျပ်၁၁၁၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှော်ကားဥယျာဉ် အများပြည်သူ ရှုံးပိတ်ရက် ဖွင့်လှစ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို အပတ်စဉ် တနင်္လာနေ့တိုင်း ပိတ်ပြီး နေ့စဉ်ပုံမှန် နံနက် ၈နာရီ မှ ညနေ ၄နာရီအထိသာ ဖွင့်လှစ်သော်လည်း ၂၀၀၆ခုနှစ် မတ် ၂ရက် တောင်သူလယ်သမားနေ့၊ မတ် ၁၃ရက် တပေါင်းလပြည့်နေ့နှင့် မတ် ၂၇ရက် တပ်မတော်နေ့တို့တွင် အများပြည်သူပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူ လေ့လာနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

အများပြည်သူတို့သည် သက်ဆိုင်ရာနယ်မြေဒေသရှိ ကျန်းမာရေးအရာရှိ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်တာဝန်ရှိသည်ဟု တိတိကျကျ လမ်းညွှန်ချက်ချမှတ်ထား



ကြည့်ရှုအားပေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နဝမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၆) အကြိုလှုပ်ရှားမှု မှတ်တမ်းများနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးပြခန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❐ ရွှေ့ဖုံးမှ

နိုင်ငံတော်၏ကျန်းမာရေး၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း များစွာ အထောက်အကူပြုနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ရေနှင့်သန့်ရှင်းရေး လွှမ်းခြုံမှုကိန်းဂဏန်းများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြနေသည့် အညွှန်းကိန်း (Indicator)များလည်းဖြစ်ကြကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးမူဝါဒများသည် လေထုနှင့်ရေထု ညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် မူဝါဒ ချမှတ်ထားရှိကြောင်း။

လမ်းညွှန်ချက်ချမှတ်ထား

၁၉၉၅ခုနှစ် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေအခန်း(၄)၌ ဆိုလျှင်လည်း ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ကူးစက်ရောဂါ ဖြစ်ပွားသည့်အခါ ထိရောက်စွာနှိမ်နင်းနိုင်ရန် အများပြည်သူတို့သည် သက်ဆိုင်ရာ နယ်မြေဒေသရှိ ကျန်းမာရေးအရာရှိ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ရှိသည်ဟု တိတိကျကျ လမ်းညွှန် ချက် ချမှတ်ထားကြောင်း။

ထို့ပြင် ၁၉၉၅ခုနှစ် နိုဝင်ဘာ ၃၀ရက် အမျိုးသားကျန်းမာရေးကော်မတီ အကြိမ်(၂၀)မြောက် အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၉)၌ တစ်နိုင်ငံလုံးရှိ မြို့နယ်များနှင့် ကျေးရွာများတွင် ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး အကောင်အထည် ဖော်ရန်ဟု ဆုံးဖြတ်ချက် ချမှတ်ထားသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်မှ သန့်ရှင်းရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးကို အလေးထားသကဲ့သို့ ပြည်သူလူထု ရေကောင်းရေသန့် ရရှိသုံးစွဲနိုင်ရေးကိုလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်တွင် အရေးကြီး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်ကိုလည်း မူဝါဒ ချမှတ်ပေးထားပြီး ဖြစ်ကြောင်း။

ပြည်သူလူထုအနေဖြင့် အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်မည်၊ ရေကောင်းရေသန့်များကိုသာ သုံးစွဲကြမည်၊ လက်သန့်ရှင်းရေးနှင့် အစားအစာ သန့်ရှင်းရေးတို့ကို ဂရုပြုလိုက်နာ ဆောင်ရွက်ကြမည်ဆိုလျှင် ဝမ်းလျှောဝမ်းပျက် ရောဂါ၊ သန်ကောင်ရောဂါ၊ အသည်းရောင် အသားဝါရောဂါ၊ ပိုလီယိုအကြောသေ ရောဂါ စသည့်ရောဂါများ ဖြစ်ပွားမှုမှ ကင်းဝေးနိုင်ကြမည်ဖြစ်ကြောင်း။

တိုးမြှင့်တည်ဆောက်

သန့်ရှင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်မားစေရန်အတွက် ၁၉၉၈ခုနှစ်မှ စတင်၍ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်များကို နှစ်စဉ် ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် နဝမအကြိမ်အထိ ရောက်ရှိလာပြီ ဖြစ်ကြောင်း၊ အထူးပြောကြားလိုသည်မှာ ကျင်းပသည့်အကြိမ် များလာသည်နှင့် အမျှ အရှိန်အဟုန်လျော့ကျမသွားစေရန် အရေးကြီးကြောင်း၊ လွှမ်းခြုံမှုရာခိုင်နှုန်း ၈၀ ကျော်လာသည်နှင့်အမျှ လုပ်ငန်းဆောင်ရွက်ရသည့် အခက်အခဲများ ပိုမို တွေ့ရှိလာမည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ကျန်သည့် ၂၀ရာခိုင်နှုန်းသည် နွမ်းပါးသူများနှင့် နောက်ချန်အုပ်စုများ ဖြစ်နေတတ်၍ဖြစ်ကြောင်း၊ ဤအချိန်တွင် သမားရိုးကျ လုပ်နည်းလုပ်ဟန်များနှင့် ဆက်လက်ဆောင်ရွက်သွား၍ မရတော့ ကြောင်း၊ သွင်းအားစုများ၊ ပံ့ပိုးမှုများ၊ စီမံခန့်ခွဲမှုနည်းလမ်းများ ပိုမိုထည့်သွင်း ကျင့်သုံးရန် လိုလာပြီဖြစ်ကြောင်း၊ နောက်ပြီး နှစ်ကြာလာပြီဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲမှု (Sustainability) ကိုလည်း အလေးထား ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ယင်းအတွက် ပျက်စီးသွားသည်များကို အချိန်မီပြုပြင်ရန် နှင့် တတ်နိုင်သူများက တတ်နိုင်သကဲ့သို့ အရည်အသွေးကိုလည်း တိုးမြှင့် တည်ဆောက်သွားကြရန် လိုအပ်ကြောင်း။

တွန်းအားပေးဆောင်ရွက်

လုပ်ငန်းနီးနွှယ်ဆက်စပ်လျက်ရှိသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေး ဦးစီးဌာနတို့မှ ဈေးအိမ်သာများ သန့်ရှင်းရေး၊ အမှိုက်သရိုက်များ စနစ်တကျ စွန့်ပစ်ရေးတို့ကို ယခင်ကထက် ပိုမိုမြှင့်တင်ဆောင်ရွက်ကြရန် အဆင့်ဆင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ကြရန်နှင့် အခြေခံပညာကျောင်းများ တွင်လည်း ယင်လုံအိမ်သာ ရာနှုန်းပြည့်ဆောက်လုပ်သုံးစွဲရေး၊ ရေကောင်း ရေသန့်ရရှိရေးတို့အတွက် တွန်းအားပေးဆောင်ရွက်သွားရန် တိုက်တွန်းပြောကြား လိုကြောင်း။

ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စသည်တို့မှလည်း လှုပ်ရှားမှုဆိုင်ရာ သတင်းများ၊ ကျန်းမာရေးပညာပေး အစီ အစဉ်များအား ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း။

ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများဖြင့် နီးနွှယ်ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပ လူမှုရေးအသင်းအဖွဲ့များကလည်း ယခင်နှစ်များနည်းတူ ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေ ကိုယ်စားလှယ် Ms. Carroll C. Longက အမှာစကား ပြောကြားပြီး နဝမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၏ ဧည့်ကြိုဆောင်၌ ခင်းကျင်းပြသ ထားသည့် နဝမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တ ပတ်(၂၀၀၆)အကြို လှုပ်ရှားမှုမှတ်တမ်းများနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေး ပြခန်းကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)



နဝမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၆) ဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နဝမအကြိမ် unicef

အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်

၂၇-၂-၂၀၀၆ မှ ၅-၃-၂၀၀၆

တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့

ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက

ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၆ခုနှစ် လွတ်လပ်ရေးနေ့တွင် အမိန့်ကြေညာစာ ၁/၂၀၀၆ ဖြင့် ဆက်လက်လှူဒါန်းခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရခိုင်ပြည်နယ်မှ သံဃာတော် ၁၉ပါး၊ သီလရှင်ဆရာကြီးတစ်ပါး၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် သုံးဦးတို့အား ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့မှ ကြီးမှူး၍ ရန်ကုန်မြို့ရှိ ရခိုင်လူမှုရေးအသင်းအဖွဲ့များနှင့် ဒါယကာ၊ဒါယိကာမများက ပူပေါင်းကာ (၁၉)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာပွဲကို မတ် ၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသူများသည် ဦးကျော်မင်း ဖုန်း-၀၉၈၀ ၃၄၉၆၃၊ ဦးသန်းနိုင် ဖုန်း-၀၉၉၉ ၂၄၃၆၃၊ ဦးဇော်အေးမောင် ဖုန်း-၀၉၅၁ ၄၀၄၀၇၊ ဦးစောသိမ်း ဖုန်း-၀၉၅၀ ၀၁၃၀၁ တို့ထံ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (က-ပ)

ရှန်ဟိုင်းမြို့သို့ လာရောက်မည့် ကမ္ဘာ့အကြီးဆုံးအပျော်စီးသင်္ဘော ကွင်းအယ်လီဇဘက်-၂ ကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီဆိပ်ကမ်း၌ ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့သက်တမ်းအရင့်ဆုံး သင်္ဘောကြီး ရှန်ဟိုင်းမြို့ သို့ လာရောက်မည်

ရှန်ဟိုင်း ဖေဖော်ဝါရီ ၂၆

ကမ္ဘာပေါ်တွင် သက်တမ်း အရင့်ဆုံး ပင်လယ်ကူးသင်္ဘောကြီး ဖြစ်သည့် ကွင်းအယ်လီဇဘက် - ၂ သင်္ဘောကြီး သည် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ လာမည့်မတ်လတွင် ရောက်ရှိ လာမည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဗြိတိသျှ သင်္ဘောလုပ်ငန်း ကွန်နော့ဒ်လိုင်းကုမ္ပဏီက ပိုင်ဆိုင်သော ကွင်းအယ်လီဇဘက်-၂ သင်္ဘောသည် အပျော်စီးသင်္ဘောကြီး တစ်စင်းဖြစ်ပြီး ယနေ့ကာလ တိုင်အောင်ပင် သင်္ဘော ခရီးစဉ်များကို ပြေးဆွဲနေဆဲဖြစ်သည်။ ၁၉၆၀ပြည့်လွန်နှစ်များက စတင်အသုံးပြုခဲ့သော ယင်းသင်္ဘောသည် အလျား ၂၉၃သမ၅၂မီတာ၊ ဖြက်မီတာ ၃၀ ရှိပြီး အထပ် ၁၂ထပ်ပါရှိသည်။ သင်္ဘောနှင့်အတူ ခရီးသည် ၁၇၉၁ဦးနှင့် သင်္ဘောဝန်ထမ်း ၉၂၁ဦး လိုက်ပါနိုင်သည်။

ကွင်းအယ်လီဇဘက်-၂သင်္ဘောတွင် ကမ္ဘာပေါ်၌အကြီးဆုံးဖြစ်သည့် သင်္ဘောအင်ဂျင်ကိုတပ်ဆင်ထားသည်။ အဆိုပါ ပင်လယ်ကူးသင်္ဘောသည် ကမ္ဘာပေါ်တွင် အကြီးဆုံးနှင့် အကောင်းဆုံး ပင်လယ်ကူးသင်္ဘောအဖြစ် အတ္တလန္တိတ် သမုဒ္ဒရာဖြတ်ခရီးစဉ်များကို ပြေးဆွဲလျက်ရှိသည်။

ကွင်းအယ်လီဇဘက်-၂ သင်္ဘောတွင် အခန်းပေါင်း ၉၅၀ ပါရှိပြီး သင်္ဘောစီးခရီးသည်များသည် သင်္ဘောပေါ်ရှိ ဂေါက်သီးကစားကွင်း၊ ရေကူးကန်၊ စာကြည့်တိုက်နှင့် ပြဇာတ်ရုံတို့တွင် အပန်းဖြေနိုင်သည်။ ယခုနှစ်တွင် ရှန်ဟိုင်းမြို့သို့ လာရောက်သော ပင်လယ်ကူး သင်္ဘောကြီးများ၏ အရေအတွက်သည် လွန်ခဲ့သည့်နှစ်က ရောက်ရှိခဲ့သည့် သင်္ဘောစင်းရေ ၂၅ စင်းထက် ပိုမိုများပြားမည်ဟု မျှော်လင့်ရကြောင်း ဆိပ်ကမ်းတာဝန်ရှိသူက ပြောကြားသည်။

ယခုနှစ်မတ်လ တစ်လတည်းမှာပင် တရုတ်နိုင်ငံရှိအကြီးဆုံးသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ရှန်ဟိုင်းမြို့သို့ ဇိမ်ခံသင်္ဘောကြီး ရှစ်စင်းထက် မနည်း လာရောက်မည်ဖြစ်ကြောင်း၊ မတ်လအတွင်း ပထမဆုံးဆိုက်ရောက်လာမည့် ဇိမ်ခံသင်္ဘောသည် မတ် ၂ရက်တွင် ရှန်ဟိုင်းဆိပ်ကမ်းသို့ ဝင်ရောက်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ပါကစ္စတန်တွင် သေနတ်သမားနှစ်ဦးက ဘဏ်ကို ဓားပြတိုက်

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၆

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ရှိ ဘဏ်တွင် သေနတ်သမားနှစ်ယောက်က အမေရိကန်ဒေါ်လာတစ်သန်းကျော်ကို လုယူသွားကြောင်း ရဲဌာနက စနေနေ့တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျပိုင် အယ်လ်ဖိုင်ဆဲလ်ဘဏ်တွင်းသို့ လုံခြုံရေး အဝတ်အစား ဝတ်ဆင်ထားသူနှစ်ဦးသည် ဘဏ်၏အဓိကဝင်ပေါက်မှ ဝင်ရောက်ပြီး ဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီး၍ အမေရိကန်ဒေါ်လာတစ်သန်းကျော်နှင့် ပါကစ္စတန်ရူပီး ၅ ဒသမ ၃ သန်းကိုယူဆောင်သွားကြောင်း ရဲအရာရှိ ဆာအစ်ဝါရီရာက ပြောကြားသည်။

ယင်းဓားပြတိုက်မှုကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်၌ ပြိုကျသွားသော အထည်ချုပ်စက်ရုံကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ် အထည်ချုပ်စက်ရုံပြိုကျ၊ ၁၆ ဦးသေဆုံး

ဒါကာ ဖေဖော်ဝါရီ ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာ၌ အထပ်ခြောက်ထပ်ရှိ အထည်ချုပ်စက်ရုံ ပြိုကျသဖြင့် အနည်းဆုံး ၁၆ ဦး သေဆုံး ပြီး၊ လူ ၅၀ ဒဏ်ရာရရှိကြောင်း ဆေးရုံဝန်ထမ်းများက စနေနေ့တွင် ပြောကြားသည်။

ဒါကာမြို့ မဟာခါလီဒေသရှိ ဖီးနစ်အမည်ရှိစက်ရုံတွင် အလုပ်သမား ၁၅၀ ရှိနေကြစဉ် နံနက် ၁၁ နာရီ၌ ပြိုကျခြင်းဖြစ်သည်။

စစ်ဘက်၊ ရဲဘက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်း၍ ကွန်ကရစ်များကို ဖယ်ရှားကာ အသက်မသေဘဲ ကျန်ရှိနေသူများကို ရှာဖွေနေကြောင်း၊ အချို့ဒဏ်ရာရသူများ၏ အခြေအနေမှာ မကောင်းကြောင်း ကယ်ဆယ်သူတစ်ဦးက ပြောကြားသည်။

ယင်းသို့ ပြိုကျရခြင်း အကြောင်းရင်းကို မသိရသေးပေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြည်ပသို့ တင်ပို့သည့် ပို့ကုန်ပစ္စည်းများတွင် အထည်အလိပ်သည် အများဆုံးဖြစ်ပြီး တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၀၀၀ ဝင်ငွေရရှိသည်။ ယင်းအထည်အလိပ်ကဏ္ဍတွင် ဝန်ထမ်း အမျိုးသမီးအများဆုံး ပါဝင်ပြီး စုစုပေါင်း အလုပ်သမားဦးရေ နှစ်သန်း ခန့်ရှိသည်။

အခင်းဖြစ်ပွားရာသို့ ပြည်ထဲရေးဝန်ကြီး လုဖူဇာမန်ဘာဘာ လာရောက်ကြည့်ရှုသည်။ ယင်းစက်ရုံသည် အန္တရာယ်ရှိနိုင်သဖြင့် ဖျက်ခိုင်းထားသည့် စက်ရုံပေါင်း ၁၀၀တွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံတွင် အမေရိကန်လေတပ်စခန်းချထားခြင်းကို မကျေနပ်သဖြင့် ကာဂိုရှီးမားပြည်နယ်၌ ကန့်ကွက်ဆန္ဒပြနေသူများကို ဖေဖော်ဝါရီ ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၌ ရေနက်ပိုင်း ပင်လယ်ဆိပ်ကမ်း တည်ဆောက်မည်

ဟန်ွိုင်း ဖေဖော်ဝါရီ ၂၆

ပြည်တွင်းနှင့် နိုင်ငံတကာ ကုန်စည်တင်ပို့မှု လွယ်ကူချောမောစေရေးအတွက် ဗီယက်နမ်နိုင်ငံ ဟိုင်ဖုံးမြို့ မြောက်ပိုင်းတွင် ရေနက်ပိုင်း ပင်လယ်ဆိပ်ကမ်းတစ်ခုတည်ဆောက်ရေး ရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာကို ဗီယက်နမ်အစိုးရသို့ ယခုနှစ်တွင် တင်သွင်းမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ မီဒီယာသတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

တီအီးယူ ၆၀၀၀ သို့မဟုတ် တန်ချိန် ၅၀၀၀၀ ရှိ ကုန်သေတ္တာများ တင်ဆောင်လာသော သင်္ဘောကြီးများ ကုန်အတင်အချ ပြုလုပ်နိုင်သည့် ပင်လယ်ဆိပ်ကမ်းတစ်ခု တည်ဆောက်ရေးကို ၂၀၁၀ ပြည့်နှစ်မတိုင်မီ စတင်နိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း အဓိက စီးပွားရေးဇုန်နှင့် တရုတ်နိုင်ငံ တောင်ပိုင်းဒေသများတွင် တိုးမြင့်လာသော ကုန်စည်ပို့ဆောင်မှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပိုင်အိုးနီးယားသတင်းစာက ဖော်ပြသည်။

လက်ဟူယန်းအမည်ရှိ ပင်လယ်ဆိပ်ကမ်း တည်ဆောက်ရေး စီမံကိန်းကို ဗီယက်နမ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဌာနက ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ယာဉ်မောင်းလေးဦးကို သေနတ်သမားများက ပစ်သတ်

တီကရစ်(အီရတ်) ဖေဖော်ဝါရီ ၂၆

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသရှိ အမေရိကန်စစ်ဘက် အခြေစိုက်စခန်းသို့ သွားရောက်ပို့ဆောင်မည့် ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ထရပ်ယာဉ်တန်းတစ်ခုကို သေနတ်သမားများက တနင်္ဂနွေနေ့တွင် ချုံခိုပစ်ခတ်ခဲ့သဖြင့် ယာဉ်မောင်းလေးဦးသေဆုံးခဲ့ရကြောင်း တီကရစ်မြို့ရှိအီရတ်-အမေရိကန် ဆက်သွယ်ရေးရုံး သတင်းရပ်ကွက်က ပြောကြားသည်။

အီရတ်နိုင်ငံ အယ်လ်-နီဘေဒေသရှိ အမေရိကန်စစ်ဘက် အခြေစိုက်စခန်းသို့ ပို့ဆောင်မည့် ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တန်းကို သေနတ်သမားများက ပစ်ခတ်မှုကြောင့် ယာဉ်မောင်းလေးဦးတို့ သေဆုံးခဲ့သည်ဟု အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

သေနတ်သမားများက မော်တော်ယာဉ်တန်းမှ မော်တော်ယာဉ်အားလုံးကို မီးရှို့ပြီး ယာဉ်မောင်းလေးဦးကို သတ်ပြီးသည့်နောက် ယာဉ်မောင်းအချို့ကို ပြန်ပေးဆွဲသွားခဲ့သည်ဟု ဆိုသည်။ ယင်းနေ့ စောစောပိုင်းကာလကလည်း အမည်မသိ သေနတ်သမားများက ယက်သရစ်မြို့ရှိ အမေရိကန်စစ်ဘက်အခြေစိုက်စခန်းတွင် အလုပ်လုပ်ကိုင်နေသူ ဆာဘာဟာမစ်ဟူစိန်ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့ရှိ အနုပညာလက်ရာပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းခွင်တစ်နေရာကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၈ ခုနှစ် အိုလံပစ်ပွဲတော်အတွက် တရုတ်နိုင်ငံပြင်ဆင်

ပေကျင်း ဖေဖော်ဝါရီ ၂၆

တရုတ်နိုင်ငံသည် ၂၀၀၈ခုနှစ်တွင် ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုများကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်လျက် ရှိသည်။

တရုတ်နိုင်ငံသည် ၂၀၀၇ခုနှစ် နှစ်ကုန်ထက် နောက်မကျဘဲ ယင်းအားကစားပွဲတော်အတွက် ကျင်းပရန်နေရာများအားလုံး အသင့်ရှိနေစေရန် ဦးတည်ကြိုးပမ်းလျက်ရှိသည်။

၂၀၀၈ခုနှစ် ဩဂုတ်လ ၈ရက်တွင် အိုလံပစ်အားကစားပွဲတော်ကို စတင်ကျင်းပမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၀၈ခုနှစ် အိုလံပစ်အားကစားပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်မည်ဖြစ်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဂျက်ရော့ဂ်က မကြာသေးမီက ပြောကြားခဲ့သည်။

ကျင်းပခွင့်ရ

၂၀၀၈ခုနှစ် နွေရာသီ အိုလံပစ်အားကစားပွဲတော်ကို တရုတ်နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့် ရရှိခြင်းသည် ကမ္ဘာ့နွေရာသီ အိုလံပစ်အားကစားပြိုင်ပွဲကို အာရှတိုက်တွင် တတိယအကြိမ် ကျင်းပခွင့်ရရှိခြင်းပင် ဖြစ်သည်။ အာရှတိုက်သည် နွေရာသီ အိုလံပစ်အားကစားပွဲတော်ကို ဂျပန်နိုင်ငံမြို့တော် တိုကျိုတွင် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပခွင့်ရရှိခဲ့ပြီး ဒုတိယအကြိမ်ကို ၁၉၈၈ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ မြို့တော်ဆိုးလ်၌ လက်ခံကျင်းပခွင့် ရရှိခဲ့သည်။

၂၀၀၈ခုနှစ် အိုလံပစ်အားကစားပွဲတော်ကို မြို့တော်ပေကျင်းတွင် လက်ခံကျင်းပခြင်းဖြင့် မြို့တော်သူ၊ မြို့တော်သားများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။

မြင့်မားတိုးတက်ချိန်

တရုတ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာချိန်တွင် အိုလံပစ်အားကစားပွဲတော်ကို ကျင်းပခွင့်ရရှိခြင်းဖြစ်သည်။ ယဉ်ကျေးမှုနှင့် အားကစားဖလှယ်မှုကို နိုင်ငံအများအပြားနှင့် တိုးမြှင့်ပြုလုပ်နိုင်ရာ တရုတ်နိုင်ငံသည် နိုင်ငံတကာမိသားစု အသိုက်အဝန်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့သည်။

ယခုတစ်ဖန် အိုလံပစ်အားကစားပြိုင်ပွဲကို ကျင်းပခွင့်ရရှိခြင်းဖြင့် တရုတ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ပေါက်မြောက်စေရန် အားပေးနိုင်မည်ဖြစ်သည်။

ပြီးပြည့်စုံ

မြို့တော်ပေကျင်းသည် ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးအရလည်းကောင်း၊ နည်းပညာအရလည်းကောင်း တိုးတက်နေသော မြို့ကြီးဖြစ်သဖြင့် ၂၀၀၈ခုနှစ် အိုလံပစ်အားကစားပွဲတော်အတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်း အ၀၀ကို ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **အင်တာနက်။**

အီတလီနိုင်ငံ တူရင်မြို့၌ ကျင်းပခဲ့သည့် ဆောင်းရာသီ အိုလံပစ်ပွဲ အမျိုးသား အလွတ်တန်း နှင်းလျှောစီးပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးရရှိသော တရုတ် အားကစားသမား ရှိပင်းဟန်(အလယ်)**ကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ဇမ်ဘီယာနိုင်ငံတွင် ဝမ်းရောဂါဖြစ်ပွား လူ ၅၃၃၀ ဆေးဝါးကုသမှု ခံယူနေရဟုဆို

လူဆာကာ ဖေဖော်ဝါရီ ၂၆

ဇမ်ဘီယာနိုင်ငံတွင် ၂၀၀၅ ခုနှစ် ဩဂုတ်လအတွင်း ဝမ်းရောဂါဖြစ်ပွားခဲ့ပြီးသည့်နောက် ယင်းရောဂါဖြင့် သေဆုံးသူ ၁၃၇ ဦးထက်မနည်းရှိကြောင်း ကျန်းမာရေးဝန်ကြီး မာစီဘိုကို ကိုးကား၍ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းမ်အော့ဖ်ဇမ်ဘီယာ သတင်းစာက ရေးသားသည်။

ဇမ်ဘီယာနိုင်ငံ တစ်ဝန်းတွင် ဝမ်းရောဂါ ဖြစ်ပွားသူ ၅၃၃၀ ရှိပြီး ဆေးကုသမှုခံယူနေကြောင်း၊ ၎င်းတို့အနက်မှ ၁၇၁ ဦးသည် ဝမ်းရောဂါကုဆေးရုံများတွင် ဆေးကုသခံယူနေကြောင်း မာစီဘိုက ပါလီမန်တွင် ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ယခု ဝမ်းရောဂါဖြစ်ပွားမှုသည် ယခင်ကဖြစ်ပွားမှုနှင့် နှိုင်းယှဉ်ပါက အစီအစဉ်အဆောတလျင် ချမှတ်ဆောင်ရွက်ရန် လိုအပ်နေသည်။ ထိုသို့လုပ်ဆောင်ခြင်းမရှိပါကတစ်နိုင်ငံလုံးသို့ ကူးစက်သွားနိုင်သည်ဟု ၎င်းက ပြောကြားသည်။

ဇမ်ဘီယာနိုင်ငံ၏ ပြည်နယ်ကိုးခုတွင် ယင်းရောဂါဖြစ်ပွားနေသည်ဟု ၎င်းကဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဖေဖော်ဝါရီလဆန်းပိုင်းက ပင်လယ်နီအတွင်း နစ်မြုပ်သွားသော အီဂျစ်နိုင်ငံမှ ကူးတို့သင်္ဘော အယ်လ်ဆာလမ် ၉၈ ၏ပုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နစ်မြုပ်ခဲ့သော ကူးတို့သင်္ဘောမှ အသံဖမ်းစက်ကို ရှာဖွေ

ကိုင်ရို ဖေဖော်ဝါရီ ၂၆

ယခုလစောစောပိုင်းက ပင်လယ်နီတွင် နစ်မြုပ်ခဲ့သော ကူးတို့သင်္ဘော၏အပျက်အစီးများကို ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း၊ သင်္ဘောခုတ်မောင်းမှုဆိုင်ရာ သတင်းအချက်အလက် မှတ်တမ်းတင် အသံဖမ်းစက်ကို ရှာဖွေတွေ့ရှိနိုင်ရန် မိမိတို့ ဆက်လက်ကြိုးပမ်းနေကြောင်း အီဂျစ်သယ်ယူပို့ဆောင်ရေးဝန်ကြီးက စနေနေ့တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံမှ အီဂျစ်နိုင်ငံသို့ ခုတ်မောင်းလာသော ကူးတို့သင်္ဘောတစ်စင်းသည် ပင်လယ်နီတွင် နစ်မြုပ်ခဲ့ရာ လူ ၁၀၀၀ ခန့်သေဆုံးခဲ့ရသည်။ လူပေါင်း ၁၄၁၄ ဦးပါရှိသည့် ယင်းကူးတို့သင်္ဘောသည် သက်တမ်း ၃၅ နှစ်ရှိသည်။ အယ်လ်ဆာလမ် ၉၈ အမည်ရှိ ကူးတို့သင်္ဘောပျက်ကို အီဂျစ်နိုင်ငံ ဆာဖာကာပင်လယ်ဆိပ်ကမ်းမှ ကီလိုမီတာ ၉၀ အကွာတွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း အီဂျစ်သယ်ယူပို့ဆောင်ရေးဝန်ကြီးမိုဟာမက်မန်ဆောက ပြောကြားသည်။ **အင်တာနက်။**

ဖေဖော်ဝါရီ ၂၅ရက်က အမေရိကန်နိုင်ငံ အလာစကာပြည်နယ်တွင် ကျင်းပသည့် ကမ္ဘာ့စွတ်ဖားလှည်းပြိုင်ပွဲတွင် ပေါင်ချိန် ၁၀၂၀ရှိဝန်ကို တင်ဆောင်ကာစွတ်ဖားလှည်း တစ်စီးပြိုင်ပွဲဝင်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကူးတို့သင်္ဘောကြီး နစ်မြုပ်ခဲ့ပြီးနောက် ပင်လယ်ပြင်တွင် ၂၄နာရီကြာ မျောနေခဲ့ရာမှ သေကံမရောက်ဘဲ ကယ်ဆယ်ခံခဲ့ရသည့် ငါးနှစ်သား မိုဟာမက်ဟာဆန်နင်ကို အီဂျစ်နိုင်ငံ ဟာဂါဒါဆေးရုံ၌ ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကနေဒါ၌ မြေငလျင်လှုပ်

အော့တဝါ ဖေဖော်ဝါရီ ၂၆

ကနေဒါနိုင်ငံ၏ မြို့တော် အော့တဝါ၌ သောကြာနေ့ ညနေပိုင်းက အင်အားပျော့သည့် မြေငလျင် လှုပ်ခဲ့ကြောင်း၊ မြေငလျင်ကြောင့် အထိအခိုက် အပျက်အစီးမရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်း ထုတ်ပြန်သည်။

ဒေသစံတော်ချိန် ည ၈နာရီ မိနစ် ၅၀ တွင် လှုပ်သွားသည့် မြေငလျင်မှာ ငါးစက္ကန့်မျှ ကြာမြင့်ခဲ့သည်။ မြေငလျင် ၏ ဗဟိုချက်ကို မသိရသေးကြောင်း ကနေဒါ ရုပ်မြင်သံကြားဌာနက ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖေဖော်ဝါရီ ၂၆ရက်နေ့အထိ အီရတ်တွင် သေဆုံးသောကန်တပ်ဖွဲ့ဝင်ဦးရေ ၂၂၉၀ ရှိပြီ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များက ၂၀၀၃ခုနှစ် မတ်လတွင် အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ချိန်မှ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်အထိ အသက်ဆုံးရှုံးရသော ကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၂၂၉၀ ရှိပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းများအရသိရသည်။

ဖော်ပြပါ ကိန်းဂဏန်းများအနက် ၁၇၉၃ဦးမှာ ခုခံဆန့်ကျင်သော တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်း ဖြစ်ကြောင်း ကန်စစ်ဘက်၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။ စက်ဘက်မှ ထုတ်ပြန်သော စာရင်းတွင် စစ်ရေးတာဝန်ထမ်းဆောင်ရင်း သေဆုံးသွားရသူ အရပ်သားဝန်ထမ်း ခုနစ်ဦး၏ စာရင်းလည်း ပါဝင်သည်။

အေပီသတင်းဌာန၏ ကန်တပ်ဖွဲ့သေဆုံးစာရင်းတွင် ပါရှိသော အရေအတွက်သည် ကန်စစ်ဘက်က ထုတ်ပြန်သော အရေအတွက်ထက် တစ်ဦးပိုမိုများပြားသည်။

အီရတ်စစ်ပွဲစတင်သည်မှ ယခုနှစ် ဖေဖော်ဝါရီ ၂၆ရက်အထိကာလအတွင်း အပေါင်းပါတပ်ဖွဲ့များတွင် ပါဝင်သော ဗြိတိသျှတပ်ဖွဲ့မှ ၁၀၃ဦး၊ အီတလီ ၂၇ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ စလိုဗက် သုံးဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယား၊ နယ်သာလန်နှင့်ထိုင်းတို့ နှစ်ဦးစီနှင့်ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးကြကြောင်း သတင်းများက ဖော်ပြသည်။ **အင်တာနက်။**

သန့်ရှင်းကျန်းမာကြစေဖို့ သန့်လေးသန့်ဖြင့် ဆောင်ရွက်စို့

ဒေါက်တာခင်မောင်လွင်

မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဆောင်ရွက်မှုတွေထဲမှာ အာရှဒေသသာမက ကမ္ဘာကပါ စိတ်ဝင်စားနေတဲ့ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုများအကြောင်းကို တင်ပြလိုပါတယ်။

၁၉၉၈ ခုနှစ်ကတည်းက စတင်ခဲ့တဲ့ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုဟာ အခုဆိုရင် နဝမအကြိမ်တိုင်ရောက်ခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံအနေနဲ့ ရှေးဦးတီထွင်ဆောင်ရွက်ခဲ့တဲ့ အမျိုးသားရေးလှုပ်ရှားမှုကြီးဖြစ်ပြီး ဒီအောင်မြင်မှုကို အကြောင်းပြုလို့ ကမ္ဘာ့နိုင်ငံအတော် များများမှာ အတုယူလှုပ်ရှားလာကြတဲ့ လုပ်ငန်းလဲဖြစ်လာပါတယ်။

ကမ္ဘာကစိတ်ဝင်စားလောက်အောင် ထူးကဲတဲ့ အချက်တွေရှိပါတယ်။

* **တစ်နိုင်ငံလုံးမှာ ယင်လုံအိမ်သာလွှမ်းခြုံမှု အများဆုံးနဲ့ အမြန်ဆုံး တိုးမြှင့်နိုင်စွမ်းရှိတယ်။**
* **နိုင်ငံတော်က ချမှတ်ပေးတဲ့ မူဝါဒကို ပြည်သူတစ်ရပ်လုံးက လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်း ရှိတယ်။**
* **ကိုယ့်အားကိုယ်ကိုးပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်စွမ်းရှိတယ်။**
* **ယင်လုံအိမ်သာနဲ့အတူ ရေကောင်းရေသန့်ရရှိရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေးဆိုတဲ့ သန့်လေးသန့်လုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်နိုင်စွမ်းရှိတယ်**ဆိုတဲ့ အချက်တွေပါပဲ။

ပထမဦးဆုံးအချက်ဖြစ်တဲ့ ယင်လုံအိမ်သာ လွှမ်းခြုံမှုအပိုင်းမှာ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုတွေ မစတင်ခင်က ၄၀ ရာခိုင်နှုန်းလောက်ပဲရှိခဲ့ရာက ယခုဆိုရင် ၈၀ ရာခိုင်နှုန်းကျော်ကျော် လွှမ်းခြုံနိုင်ပြီဖြစ်ပါတယ်။ ကိုးနှစ်တာကာလအတွင်းမှာ နှစ်ဆတိုးသွားတဲ့ သဘောပါပဲ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ယင်လုံအိမ်သာ လွှမ်းခြုံမှုနှုန်းထားတွေကို ယှဉ်ကြည့်တဲ့အခါ မြန်မာနိုင်ငံဟာ အချိန်အတိုဆုံး၊ အမြန်ဆုံးနဲ့ အမြင့်ဆုံးတိုးတက်မှုနှုန်းထားရရှိခဲ့တာကို တွေ့ရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ စာရင်းဇယားများကို ချိန်ထိုးဆန်းစစ်ကြည့်ဖို့ ပြည်တွင်း၊ ပြည်ပသုတေသနအဖွဲ့အစည်းများက အောက်ခြေအထိ ကွင်းဆင်းကြည့်တဲ့အခါမှာလည်း မှန်ကန်မှုရှိကြောင်း တွေ့ရပါတယ်။

ယင်လုံအိမ်သာလွှမ်းခြုံမှုဟာ ၈၀ ရာခိုင်နှုန်းကျော် ရှိလာတာမှန်သော်လည်း လက်တွေ့မှာ အိမ်သာပြိုပျက်မှုတွေ ရှိနေတာကြောင့် ၇၀ ရာခိုင်နှုန်းလောက်သာ ယင်လုံပြီး ကျန်တဲ့ ၁၀ ရာခိုင်နှုန်းက ယင်မလုံအိမ်သာတွေ ဖြစ်နေတဲ့အတွက် ဆဋ္ဌမအကြိမ်မြောက် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုကတည်းက ယင်လုံအိမ်သာအသစ် ဆောက်လုပ်ရန် စည်းရုံးလှုံ့ဆော်မှုနှင့်အတူ ရှိပြီးသားအိမ်သာတွေ ယင်မလုံတာကို ယင်လုံအောင်ပြုပြင်ဖို့ပါ တစ်ပြိုင်တည်းဆော်ဩဆောင်ရွက်ခဲ့တဲ့အတွက် ယင်လုံအိမ်သာစု အရေအတွက်သာမက အရည်အသွေးပါ မြင့်မားလာခဲ့ပါတော့တယ်။

၂၀၀၄ ခုနှစ် သတ္တမအကြိမ်မှာတော့ ယင်လုံအိမ်သာအဆင့်ကနေ ပိုပြီးမြင့်မားအောင် စဉ်းစားကြံဆောင်နိုင်ဖို့ တွန်းအားပေးတဲ့အနေနဲ့ **“တစ်သက်တာကျန်းမာဖို့၊ သန့်ရှင်းအိမ်သာသုံးကြစို့”** ဆိုတဲ့ ဆောင်ပုဒ်ကို ရွေးချယ်စဉ်းစား အကောင်အထည်ဖော်လာခဲ့တာ ယခုတိုင်ပဲဖြစ်ပါတယ်။ **“ယင်လုံအိမ်သာ”** ဆိုတာက ရုပ်ဝတ္ထုတစ်ခုသာဖြစ်ပါတယ်။ ဆောက်ရတာလဲ မခက်ခဲပါဘူး။ **“သန့်ရှင်းအိမ်သာ”** ဖြစ်ဖို့ကတော့ ရုပ်ဝတ္ထုဖြစ်တဲ့ အိမ်သာတစ်ခုကောင်းရုံနဲ့ မပြီးဘဲ သန့်သန့်ရှင်းရှင်းသုံးတတ်တဲ့ အမူအကျင့်၊ အိမ်သာကို ပုံမှန်သန့်ရှင်းလေ့ရှိတဲ့ အမူအကျင့်၊ သန့်ရှင်းတဲ့ အိမ်သာဟာ မိသားစုကျန်းမာရေးအတွက် အရေးကြီးတယ်ဆိုတဲ့ ယုံကြည်မှု၊ ဦးစား ပေးမှု၊ ရင်းနှီးမြှုပ်နှံမှုတွေ ပါလာပါတယ်။

တကယ်သန့်ရှင်းတဲ့ အိမ်သာဖြစ်ချင်ရင် တကယ်ဂရုစိုက်ရပါတယ်။ အိမ်သာဆောက်ပုံဆောက်နည်း၊ အိမ်သာဆောက်ရာမှာ သုံးစွဲတဲ့ပစ္စည်း၊ အိမ်သာသုံးဓလေ့၊ အိမ်သာသန့်ရှင်းမှုနည်းစနစ်ကအစ ကိုယ့်ဒေသအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ရွေးချယ်ဖို့လိုလာပါတယ်။ အိမ်သာသုံးဓလေ့တွေ ကျန်းမာရေးနှင့်ညီအောင် ပြုပြင်ပြောင်းလဲဖို့လိုလာပါတယ်။ ကိုယ့်မိသားစုဝင်တွေအားလုံး ယင်လုံ အိမ်သာကို စနစ်တကျ သုံးတတ်လာအောင် လေ့ကျင့်သင်ကြားပေးခြင်း၊ စည်းကမ်းကြပ်မတ်ခြင်း၊ အိမ်ထောင် ဦးစီး၊ အိမ်ရှင်မ စတဲ့ သူတွေကိုယ်တိုင်က စံနမူနာပြဆောင်ရွက်ခြင်းတွေ လုပ်ကြရပါတယ်။

ယင်လုံအိမ်သာတစ်လုံးဖြစ်ဖို့ မလွယ်ပါဘူး။ သန့်ရှင်းအိမ်သာအဖြစ် ရေရှည်ထိန်းသိမ်းဖို့က ပိုလို့ ခက်ခဲပါတယ်။ ဒါတွေကို ကျွန်တော်တို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ အကြောင်းရင်းကတော့ **“နိုင်ငံတော်က ချမှတ်ပေးလိုက်တဲ့ မူဝါဒကို ပြည်သူတစ်ရပ်လုံးက လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်း”** ရှိလို့ပါပဲ။ မြန်မာနိုင်ငံ မှာတော့ ပထမအကြိမ် လှုပ်ရှားမှုမှာတင် ယင်လုံအိမ်သာပေါင်း တစ်သန်းနီးပါးလောက် ဆောက်လိုက်နိုင်တဲ့အတွက် နိုင်ငံတကာက အံ့ဩရတာဖြစ်ပါတယ်။ လေ့လာရေးအဖွဲ့တွေလွှတ်ပြီး လေ့လာကြတဲ့ နိုင်ငံတွေလဲ ရှိပါတယ်။

ကျေးလက်ဒေသ လူနေမှုအဆင့်အတန်းမြင့်မားဖို့၊ ကျေးလက်ဒေသကျန်းမာရေးအဆင့် မြင့်မားဖို့အတွက် ယင်လုံအိမ်သာဟာ မရှိမဖြစ်လိုအပ်ချက်ပါပဲ။ မြို့ပြတွေရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်တာဟာလည်း မစင်အညစ်အကြေး စွန့်ပစ်မှုကအစ သန့်ရှင်းတဲ့ ပတ်ဝန်းကျင်တစ်ခုကို စနစ်တကျတည်ဆောက်ဖို့ လိုရင်းပါပဲ။ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်မှုနဲ့ တစ်နိုင်ငံလုံးမှာ လူတိုင်းယင်လုံ အိမ်သာသုံးစွဲနိုင်အောင် စည်းရုံးဆောင်ရွက်ကြရမယ်ဆိုတဲ့ မူဝါဒလမ်းညွှန်ချက်ဟာ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုတွေကို မွေးဖွားစေခဲ့ပြီး ယင်လုံအိမ်သာလွှမ်းခြုံမှု အမြင့်ဆုံးနဲ့ အမြန်ဆုံးနှုန်းထားကို စံချိန်တင်နိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

မူဝါဒလမ်းညွှန်ချက်တစ်ခုဟာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျေးရွာပေါင်းခြောက်သောင်းကျော်အထိ လွှမ်းခြုံရောက်ရှိနိုင်တဲ့အတွက်ကြောင့်လည်း နေရာတိုင်း၊ ဒေသတိုင်းက လူတိုင်းပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ရခဲ့ခြင်းပဲဖြစ်ပါတယ်။ အိမ်သာတစ်လုံးကို ပျမ်းမျှကျပ်တစ်သောင်းလောက် ကုန်ကျစရိတ်ရှိပါတယ်။ တိုးဆောက်လိုက်တဲ့ အိမ်သာပေါင်းလေးသန်းရဲ့တန်ဖိုးဟာ ကျပ်ကုဋေလေးထောင်လောက်ရှိပါတယ်။ ဒီလောက်များပြားတဲ့ ရင်းနှီးမြှုပ်နှံမှုကို မြန်မာပြည်သူများက ယင်လုံအိမ်သာဆောက်လုပ်မှုတစ်ခုတည်းအတွက် ဖြည့်ဆည်းခဲ့ကြတာဖြစ်ပါတယ်။

ငွေကြေးတတ်နိုင်ရုံနဲ့ ဒီလိုရလဒ်မျိုးကို ရအောင်လုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒီနေရာမှာ ငွေကြေးဟာအဓိကမကျဘဲ စိတ်ဓာတ်ကသာ အဓိကဖြစ်ပါတယ်။ ပြည်သူတွေရဲ့ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ် လုပ်တတ်တဲ့အတွက်ကြောင့်သာ ဒီလောက်ထုထည်ကြီးမားတဲ့ ရလဒ်ကို ရခဲ့တာဖြစ်ပါတယ်။ မိမိတို့ ရပ်ရွာကောင်းကျိုးကို ဆောင်ရွက်ဖို့ ဝန်မလေးတတ်တဲ့ မြန်မာ့စိတ်ဓာတ်ဟာ အတော်ပဲအရေးပါတဲ့ အဆုံးအဖြတ်ပါပဲ။ တကယ်တော့ ယင်လုံအိမ်သာဆောက်တာဟာ လူတစ်ဦး၊ မိသားတစ်စုရဲ့ ကျန်းမာရေးက အဓိကပါ။ ဒါပေမယ့် ရပ်ရွာကျန်းမာရေးနဲ့လည်း ဆက်စပ်နေပါတယ်။ ဒါကြောင့် ရပ်လုံးကျွတ်၊ ရွာလုံးကျွတ် ယင်လုံအိမ်သာဆောက်လုပ်ဖို့အတွက် လူထုလှုပ်ရှားမှုဟာ အဓိကကျပါတယ်။ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ရွာနဲ့တစ်ရွာ ဖေးကူလက်တွဲ စည်းရုံးပြီး လုပ်သွားကြတာ များပါတယ်။

စောစောပိုင်းကတော့ ယင်လုံအိမ်သာ မဆောက်ဖူး၊ မသုံးဖူးသူ လူတွေမှာ အခက်အခဲတွေ့ပါတယ်။ ဆောက်တတ်၊ သုံးတတ်သွားတဲ့ အခါမှာတော့ တန်ဖိုးကို နားလည်သွားကြပါတယ်။ ယင်လုံအိမ်သာ တစ်လုံးရှိတာ ဂုဏ်ယူစရာပဲလို့ လက်ခံသွားတယ်။ မဆောက်ဘဲ ကျန်နေသေးတဲ့သူတွေကိုလည်း ဆောက်ချင်လာအောင် စည်းရုံးကြတယ်။ ကိုယ့်ရပ်ကိုယ့်ရွာမှာတင် အလွယ်တကူရနိုင်တဲ့ ပစ္စည်းတွေနဲ့ ဆောက်နိုင်တဲ့အတွက် မြန်မြန်ဆောက်ဖြစ်ကြပါတယ်။ ကိုယ့်ရေမြေသဘာဝနဲ့ ကိုက်ညီတဲ့ အိမ်သာပုံစံကိုလဲ ရွေးနိုင်တယ်။ ဒါကြောင့် လွယ်လွယ်ဆောက်နိုင်ပါတယ်။ တွင်းတည့်အိမ်သာ၊ တွင်းလွှဲအိမ်သာ၊ ပလတ်စတစ်၊ သစ်၊ ဝါးခွက်သုံး အိမ်သာတွေကို နှစ်သက်သလို တစ်နိုင်ဆောက်နိုင်တယ်။ ဆီလျော်တဲ့နည်းစနစ်နဲ့ ပြည်သူကို ပံ့ပိုးပေးထားခဲ့တဲ့အတွက် မခက်ပါဘူး။

လွယ်လွယ်ဆောက်တဲ့ အိမ်သာတွေဟာ လွယ်လွယ်ပဲ ပျက်သွားမှာလားလို့ စဉ်းစားစရာရှိနေပါတယ်။ သစ်ဝါးတွေနဲ့ဆောက်ရင် လွယ်လွယ်ပျက်ပါတယ်။ ပျက်သွားတာက ရုပ်ဝတ္ထုအဆောက်အအုံပါပဲ။ အိမ်သာသုံးဓလေ့ကတော့ ပျက်မသွားပါဘူး။ ကိုယ်ပိုင်အိမ်သာသုံးနေတဲ့ လူတစ်ယောက်ဟာ တောထိုင်ဖို့ ဝန်လေးသွားပါတယ်။ ဥပမာအားဖြင့် ရွာလေးတစ်ရွာအကြောင်း တင်ပြလိုပါတယ်။ အဲဒီရွာကလေးမှာ အိမ်သာမရှိခဲ့ပါဘူး။ တောထိုင်တဲ့ဓလေ့ပဲ ရှိခဲ့ပါတယ်။ ယင်လုံအိမ်သာ စီမံချက်မှာ ပူးပေါင်းပါဝင်ခဲ့ပေမယ့် အခက်အခဲတွေ အများကြီးတွေ့ခဲ့ပါတယ်။ အိမ်သာကျင်းဟာ ငါးနှစ်ခံတယ်ဆိုပေမယ့် ကြွက်တွေတူးကြ၊ ယက်ကြနဲ့ တစ်ပတ်လောက်ပဲ ခံတော့တာမျိုးလဲ ကြုံရပါတယ်။ ဒါပေမယ့် သူတို့က မလျှော့ကြဘူး။ အိမ်သာကို ပိုကောင်းအောင် ပြိုင်ကြရင်းနဲ့ အခုဆိုရင် တစ်ရွာလုံးနီးပါး အဆင့်မြင့်တဲ့ Septic tank ရေသိုးကန် အိမ်သာတွေကို သုံးနေကြပါပြီ။ ကမ္ဘာ့ဆန်ချင်တယ်။ Globalization ဖြစ်ချင်တယ်ဆိုရင် ဒါမျိုးက အကျိုးရှိပါတယ်။

လူ့အဖွဲ့အစည်းထဲမှာ ယင်လုံ အိမ်သာကို တန်ဖိုးထားမှုမရှိရင် မအောင်မြင်နိုင်ပါဘူး။ ရေရှည်ခံဖို့လဲ ခက်ပါတယ်။ ဒါကြောင့်လဲတစ်ကမ္ဘာလုံးမှာ ထောင်စုနှစ် ရည်မှန်းချက်တစ်ရပ်အနေနဲ့ ၂၀၁၅ ခုနှစ်ရောက်တဲ့အခါမှာ လောလောဆယ် ယင်လုံ အိမ်သာ မရှိသူတွေရဲ့ အရေအတွက်ကို ထက်ဝက်လျှော့ချမယ်လို့ ဆုံးဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ယင်လုံအိမ်သာ ၈၀ ရာခိုင်နှုန်းကျော် ရှိနေပြီမို့ ကျန်တဲ့ ၂၀ ရာခိုင်နှုန်းထဲက ထက်ဝက်ဖြစ်တဲ့ ၁၀ ရာခိုင်နှုန်း ယင်လုံအိမ်သာဆောက်လာရင် ၉၀ ရာခိုင်နှုန်း လွှမ်းခြုံသွားနိုင်မှာ ဖြစ်ပါတယ်။

အိမ်တစ်အိမ်မှာ ယင်လုံအိမ်သာတစ်လုံးရှိနေရင် မိသားစုရဲ့ လူနေမှုအဆင့်အတန်းမြင့်သွားမှာ အမှန်ပါပဲ။ မိသားစုရဲ့ ကျန်းမာရေးအတွက်လဲ အထောက်အကူပြုပါတယ်။ ပိုပြီးပြည့်စုံစေချင်ရင်တော့ ရေကောင်းရေသန့်ရဖို့၊ တစ်ကိုယ်ရေသန့်ရှင်းရေး အကျင့်ကောင်းတွေရှိဖို့၊ သန့်ရှင်းတဲ့ အစားအစာတွေကို စားသောက်နိုင်ဖို့ မိသားစုတိုင်း စီစဉ်ဆောင်ရွက်တတ်ကြဖို့ လိုပါတယ်။ ၁၉၈၀ ပြည့်လွန်နှစ်များက ကမ္ဘာပေါ်မှာ ရေသန့်ရရှိရေးအတွက် ဒေါ်လာငွေ ကုဋေပေါင်းများစွာ ရင်းနှီးမြှုပ်နှံခဲ့ဖူးတယ်။ ဒါပေမယ့် ထင်သလောက် မအောင်မြင်ခဲ့ဘူး။ ရေတွေရလာပေမယ့် ရောဂါတွေ ကျမသွားဘူး။ ပတ်ဝန်းကျင် သန့်ရှင်းရေး အထူးသဖြင့် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေးနဲ့ မတွဲရင် ရေအတွက် ရင်းနှီးမြှုပ်နှံမှုဟာ ကျန်းမာရေးအဆင့်မြင့်တဲ့အထိ ရောက်မလာနိုင်ဘူး။ ယင်လုံအိမ်သာ ဆောက်လုပ်ရေးတွေဟာလဲ ရေကောင်းရေသန့် ရရှိရေးနဲ့မတွဲရင် ဝမ်းရောဂါ ဝဲသြဃထဲက ထွက်နိုင်ဖို့ မလွယ်ဘူး။

မြန်မာနိုင်ငံမှာ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု စကတည်းက ရေကောင်းရေသန့် ရရှိရေးကိုပါ ပူးတွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းတွေကိုလဲ တစ်ပါတည်း တွဲပေးထားတယ်။ အိမ်သာသုံးဓလေ့တွေ၊ ရေသုံးဓလေ့တွေဟာ တစ်ကိုယ်ရေသန့်ရှင်းရေး ဓလေ့တွေနဲ့တွဲမှ အကျိုးရှိမှာဖြစ်ပါတယ်။ သီးခြားစီခွဲလုပ်လို့ မရပါဘူး။ တောထိုင်တဲ့ ဓလေ့ရှိနေတဲ့ နေရာမှာ ရေကောင်းရေသန့်ရဖို့ ခက်ပါတယ်။ ဆောက်လိုက်တဲ့ အိမ်သာတွေကလဲ ရေထုညစ်ညမ်းမှု မဖြစ်စေဖို့ သတိပြုရပါတယ်။ လူ့မစင်အညစ်အကြေးတွေထဲမှာ ပါရှိနေတဲ့ ရောဂါပိုးတွေဟာ လူတွေရဲ့ လက်၊ အစာနဲ့ ရေကနေတစ်ဆင့် ပါးစပ်ထဲကို ရောက်သွားပြီး ဝမ်းနဲ့ ပတ်သက်တဲ့ ရောဂါအမျိုးမျိုးတွေ၊ သန်ကောင်စွဲရောဂါတွေ၊ အသည်းရောင်ရောဂါ၊ အူရောင်ငန်းဖျားရောဂါ စတာတွေ ဖြစ်နိုင်ပါတယ်။ တစ်ယောက်ချင်း ဝေဒနာခံစားရတဲ့အပြင် လူအများ တစ်ပြိုင်နက် ရောဂါဖြစ်ပွားတတ်တဲ့ ကပ်ရောဂါအသွင်လဲ ဆောင်နိုင်ပါတယ်။ ဒါတွေကို ကာကွယ်ဖို့အတွက် လိုအပ်ပါတယ်။

လူ့မစင်အညစ်အကြေးတွေ ရေထဲကို၊ ပတ်ဝန်းကျင်ထဲကို ပြန့်မသွားအောင်လုပ်ဖို့ လိုတယ်။ လူ့မစင်ထဲမှာ ပေါက်ပွားတတ်တဲ့ ယင်ကောင်တွေကတစ်ဆင့် ရောဂါပြန့်မသွားအောင် လုပ်ဖို့လိုတယ်။ ယင်လုံအိမ်သာတွေ ဆောက်ကြတာဟာ ရောဂါကာကွယ်ရုံမက ဒီထက်မြင့်မားတဲ့ အကျိုးတရားတွေကိုပါ ခံစားရရှိစေနိုင်ပါတယ်။ ရေထဲမှာ ရောဂါပိုးတွေမပါအောင်၊ ကျန်းမာရေးအန္တရာယ်ရှိတဲ့ ဓာတ်ပစ္စည်းတွေမပါအောင် သေသေချာချာ စစ်ဆေးသောက်သုံးတတ်တဲ့ ပညာလဲ မိသားစုတိုင်းမှာ ရှိကြဖို့လိုပါတယ်။

အခု နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုနဲ့အတူ ယင်လုံအိမ်သာ မရှိသူတွေက ယင်လုံအိမ်သာ ဆောက်ကြမယ်။ အိမ်သာရှိပေမယ့် ယင်မလုံတာ၊ တွင်းပြိုတာ ဖြစ်နေရင် ပြုပြင်ကြမယ်။ ယင်လုံအိမ်သာ ရှိသူတွေအနေနဲ့လဲ သန့်ရှင်းတဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့အိမ်သာ ဖြစ်လာအောင် အဆင့်မြှင့်ကြမယ်။ ရေမရတဲ့နေရာတွေမှာ ရေရအောင် လုပ်ကြမယ်။ ရေမကောင်းတဲ့နေရာ တွေမှာ ရေကောင်းအောင်လုပ်ကြမယ်။ တစ်ကိုယ်ရေ သန့်ရှင်းရေးနဲ့ အစားအစာ သန့်ရှင်းရေးကိုလဲ ဂရုစိုက်ကြမယ်ဆိုရင် စရိတ်စကသက်သာစွာနဲ့ ကျန်းကျန်းမာမာရှိမှာ အမှန်ဖြစ်ပါတယ်။

အလွန်ကျယ်ပြန့်တဲ့ တစ်ကိုယ်ရေ သန့်ရှင်းရေးကဏ္ဍထဲက အချက်ကလေး တစ်ချက်သာဖြစ်တဲ့ လက်ကို ဆပ်ပြာနဲ့ စင်စင်ဆေးတဲ့ အကျင့်တစ်ခု ကျင့်သုံးရုံနဲ့ ရောဂါအန္တရာယ် ပေါင်းများစွာကို ကာကွယ်ပြီးသား ဖြစ်သွားပါတယ်။ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါကနေ တုပ်ကွေးရောဂါအထိ ကာကွယ်ပေးနိုင်တဲ့ အမူ အကျင့်ကောင်းတစ်ခုပါပဲ။ အစားအစာ တွေကို သန့်ရှင်းအောင် ချက်ပြုတ်၊ ထားသို၊ စားသောက်တတ်ခြင်းဟာလဲ မိသားစုတွင်း ပညာတစ်ရပ်ပဲ ဖြစ်ပါတယ်။ အိမ်သာသန့်၊ ရေသန့်၊ တစ်ကိုယ်ရေသန့်နဲ့အတူ အစာသန့်ကိုပါ ပေါင်းလိုက်မှ သန့်လေးသန့်နဲ့ ပြည့်စုံသွားပြီး ကျန်းမာကြမှာ ဖြစ်ပါတယ်။ ။

ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်းတွင် စက်ရုံများစစ်ဆေး လွယ်ကူမြန်ဆန်သော စက်ကိရိယာများတီထွင်ထုတ်လုပ်ရန် မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ မန္တလေးအချိုရည်စက်ရုံသို့ရောက်ရှိ၍ စက်ရုံ၏လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ကုန်ပစ္စည်းများဖြစ်သည်နှင့်အညီ GMP စနစ်ကို တိကျစွာဆောင်ရွက်ထုတ်လုပ်သွားရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စစ်ဆေးမှုမှ တွေ့ရှိရသော အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို မှာကြားသည်။

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းရှိ ရန်ပယ်ချောင်းရေကျော်အား ကွန်ကရစ်ရေကျော်တည်ဆောက်မှုလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးတို့ ဖေဖော်ဝါရီ ၁၁ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စီမံဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် အောင်မြေသာစံမြို့နယ် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ မီးခြစ်စက်ရုံသို့ ရောက်ရှိ၍ စက်ရုံမှ တီထွင်ထုတ်လုပ်ထားသည့် စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး စက်အရန်ပစ္စည်းများကို တီတွင်ထုတ်လုပ်သွားရေး၊ ထုတ်လုပ်ပြီး စက်အရန်ပစ္စည်းများ ခိုင်ခံ့ကောင်းမွန်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံ၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ထုတ်ကုန်ပစ္စည်းများ အလေအလွင့်မရှိရေးနှင့် မီးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် အောင်မြေသာစံမြို့နယ် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ဆပ်ပြာစက်ရုံ အမှတ်(၃)သို့ရောက်ရှိ၍ အသစ်တပ်ဆင်ပြီးဖြစ်သည့် Auto Cutting Machine နှင့် Hand Stamping Machine စက်တို့ဖြင့် ဆပ်ပြာဖြတ်ခြင်းလုပ်ငန်း၊ ရေမွှေးစက်ဖြင့် ဆပ်ပြာများ ရေစပ်ခြင်းလုပ်ငန်း၊ ဆပ်ပြာများနှင့် ကုန်ကြမ်းပစ္စည်းများ၊ ချက်အိုးမှ ထွက်သော ဆပ်ပြာခဲကို အသစ်တပ်ဆင်ပြီး ဖြတ်စက်ဖြင့် အလွှာလိုက်ဖြတ်ခြင်းလုပ်ငန်း၊ ဖြတ်ပြီးဆပ်ပြာကို ဆပ်ပြာတောင့်အဖြစ် ဖြတ်တောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆပ်ပြာထုတ်လုပ်ရာ၌ လွယ်ကူမြန်ဆန်သော အလိုအလျောက် ရွေ့လျားဖြတ်တောက်နိုင်သည့် စက်ကိရိယာများကို ဆန်းသစ်တီထွင်ထုတ်လုပ်သွားရေး မှာကြားသည်။ (သတင်းစဉ်)



အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ မန္တလေးအချိုရည်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၇-၂-၂၀၀၆

မချမ်းဘော ၀ ဒသမ ၂၀ လက်မ

အင်တာနက် သတင်းများ

ဆိုက်ပရပ်တွင် သဲမုန်တိုင်း တိုက်ခတ် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရ

နီကိုးရှား ဖေဖော်ဝါရီ ၂၆

ဆိုက်ပရပ်နိုင်ငံတွင် မကြုံစဖူးအင်အားပြင်းထန်သည့်သဲမုန်တိုင်း စနေနေ့က တိုက်ခတ်ခဲ့သဖြင့် လူအများအပြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများ ခံစားရကာ ဆေးရုံသို့ တက်ရောက်ကုသနေရပြီး နိုင်ငံ၏ လေကြောင်းပျံသန်းမှု ခရီးစဉ်များကိုလည်း ဖျက်သိမ်းထားရသည်။

အာဖရိကဒေသ ဆဟာရသဲကန္တာရမှ တိုက်ခတ်လာသည့် အဆိုပါမုန်တိုင်းကြောင့် ဆိုက်ပရပ်နိုင်ငံ၏ မြို့တော်နီကိုးရှားတွင် ထူထပ်သိပ်သည်းသော ဖုန်လုံးကြီးများဖြင့် လွှမ်းခြုံထားပြီး သဲတရုပ်ရုပ်ဖြစ်လျက်ရှိကာ နေရောင်ပင် မမြင်နိုင်သည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။

အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် စနေနေ့နေ့လယ်ပိုင်းတွင် ဆိုက်ပရပ်မှ ထွက်ခွာသည့်လေကြောင်းခရီးစဉ်များ ဖျက်သိမ်းလိုက်ရပြီး လူအများအပြားမှာလည်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများခံစားနေရကာ ဆေးရုံသို့ သွားရောက်ကုသနေရသည်။

ခန့်မှန်းပြောကြား

အဆိုပါ မုန်တိုင်းသည် တနင်္လာနေ့တွင် ပျက်ပြယ်သွားနိုင်ဖွယ်ရှိသည်ဟု မိုးလေဝသရုံးက ခန့်မှန်းပြောကြားသည်။

မြေထဲပင်လယ်ဒေသ အရှေ့မြောက်ပိုင်းရှိ ဆိုက်ပရပ်နိုင်ငံသည် ဖေဖော်ဝါရီနှင့် မတ်လတို့တွင် အီဂျစ်၊ လက်ဘနွန်တို့ကဲ့သို့ သဲမုန်တိုင်းတိုက်ခတ်မှုကို အခါအားလျော်စွာ ခံစားနေရသည့်နိုင်ငံဖြစ်သည်။ ***အင်တာနက်။***



ဖေဖော်ဝါရီ ၂၅ရက်က ဆိုက်ပရပ်နိုင်ငံတွင် သဲမုန်တိုင်းတိုက်ခတ်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်တွင် အာရှနှင့်ပစိဖိတ်ဒေသ သွားဘက်ဆိုင်ရာညီလာခံကျင်းပ ခံတွင်းကင်ဆာနှင့် ကွမ်းစားသည့်ဓလေ့ ဆက်စပ်မှုဆွေးနွေး

ကရာချိ ဖေဖော်ဝါရီ ၂၄

အင်ဒိုပါကစ္စတန်ဒေသရှိ လူအများတွင် ခံတွင်းကင်ဆာဖြစ်စေသောအနာများဖြစ်ပွားမှု၏ ၈၀ ရာခိုင်နှုန်းသော အကြောင်းရင်းမှာ ထိုဒေသရှိလူများ၏ ကွမ်းစားသည့်ဓလေ့နှင့် ဆက်စပ်နေသည်ဟုဆိုသည်။

အာရှ-ပစိဖိတ်ဒေသ သွားဘက်ဆိုင်ရာ ဆရာဝန်များ၏ (၂၈)ကြိမ်မြောက် အစည်းအဝေးကို ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ဖေဖော်ဝါရီ ၂၄ရက်က စတင်ကျင်းပခဲ့သည်။ အာခံတွင်းကလာပ်စည်း အမြှေးများပျက်စီးရသော လူများတွင် အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်ဒေသမှ အများအပြား တွေ့ရကြောင်းဆွေးနွေးသူပညာရှင်များက ပြောကြားကြသည်။

အဆိုပါ အာခံတွင်းကလာပ်စည်းမြှေးများပျက်စီးနေသော အခြေအနေကို သက်ကြီးပိုင်းများတွင်သာတွေ့ရသည် မဟုတ်ဘဲ သက်ငယ်ပိုင်းများတွင်လည်း တွေ့ရကြောင်း၊ ထို့အပြင် ဖော်ပြပါ သုံးနိုင်ငံတွင်သာ ယင်းရောဂါလက္ခဏာများကို တွေ့ရသည်မဟုတ်ဘဲ တောင်အာရှဒေသနှင့် အာရှ-ပစိဖိတ်ဒေသနေ ပြည်သူများတွင်လည်း တွေ့ရကြောင်း သိရသည်။

အာခံတွင်းအသားမြှေးများ ပျက်စီးခြင်းသည် ခံတွင်းကင်ဆာရောဂါ ဖြစ်ပွားခြင်း၏ ကနဦးရှေ့ပြေးလက္ခဏာတစ်ရပ်ပင်ဖြစ်သည်။ ထိုအခြေအနေမှာ ကာကွယ်၍မရသော အခြေအနေ မဟုတ်ပေ။ ကြိုတင်ကာကွယ်၍ရနိုင်သော အခြေအနေမျိုးသာဖြစ်သည်ဟုဆိုသည်။ ယခုကိစ္စတွင် အာခံတွင်းနှင့် လည်ချောင်းကင်ဆာဖြစ်ပွားမှုများနှင့်လည်း သက်ဆိုင်သောကိစ္စဖြစ်သည်။ ဤအခြေအနေမျိုးကို ပါကစ္စတန်နိုင်ငံတွင် အများအပြားတွေ့ရပြီး ကွမ်းသီးစားသုံးမှုနှင့် ဆက်စပ်၍ ဖြစ်ပွားရခြင်းဖြစ်သည်ဟု ဆိုသည်။

ကွမ်းသီးတွင် လူ့အသက်ကို အန္တရာယ်ဖြစ်စေသော ဓာတ်ပစ္စည်းများ ပါဝင်သည်။ ယင်းဓာတ်ပစ္စည်းများ အနက် တစ်မျိုးမှာသားရေနယ်ရာတွင် အသုံးပြုရသော ဓာတ်ပစ္စည်းတစ်မျိုးဖြစ်သည်။

ပညာရှင်များ ဆွေးနွေးကြသော ရောဂါများတွင် ခံတွင်းကင်ဆာရောဂါနှင့် သက်ဆိုင်သော အကြောင်းအရာသာမက ရောဂါကြောင့် မေးရိုးများ ပျက်စီးရခြင်း၊ ပုံမမှန်ဖြစ်ရခြင်းစသည့် အင်ကိုင်လိုစစ် (Ankylosis) ခေါ် မေးရိုးပျက်စီးသည့် ရောဂါအကြောင်းလည်း ပါဝင်သည်။

ဖော်ပြပါ သွားရောဂါဆိုင်ရာအစည်းအဝေးတွင် ယူနိုက်တက်ကင်းဒမ်းနိုင်ငံမှ ဆရာဝန်မယ်လကွန် ဟားရစ်၊ အိန္ဒိယနိုင်ငံမှ ဆရာဝန်အက်စ်အမ်ဘာလာဂျီနှင့် ပါကစ္စတန်နိုင်ငံမှဆရာဝန် မာမွတ်ဟေဒါတို့က စာတမ်းများဖတ်ကြားခဲ့ကြသည်။ ထို့အပြင် အစည်းအဝေး ပါဝင်တက် ရောက်သူ ဆရာဝန်များနှင့် ဆေးကျောင်းသားများ၏ မေးမြန်းချက်များကိုလည်း စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ***အင်တာနက်။***

အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်းမှ ကွမ်းကြိုက်သူ အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နှစ်ပေါင်း ၃၀၀၀ခန့်က ပန်းချီလက်ရာများ တရုတ်နိုင်ငံတွင်တွေ့ရှိ

ကူမင်း ဖေဖော်ဝါရီ ၂၇

တရုတ်ပြည် ယူနန်ပြည်နယ်မှ ဂျင်ရှားမြစ်တစ်လျှောက်တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀၀ခန့်က ရေးဆွဲထားသည့် ပန်းချီလက်ရာများကို ကျောက်ဆောင်ကမ်းပါးတွင် တရုတ်ရှေးဟောင်းပစ္စည်းတူးဖော်လေ့လာရေး ပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ပညာရှင်တစ်ဦးက အတည်ပြုပြောကြားသည်။

ဒေသခံလူများ၏ လမ်းညွှန်မှုဖြင့် ရှေးဟောင်းပစ္စည်း တူးဖော်လေ့လာရေး ပညာရှင်သုံးဦးပါသည့်အဖွဲ့က ယွန်ဂရင်ဒေသရှိ ဂျင်ရှားမြစ်တစ်လျှောက်ရှိ ကျောက်ဆောင်ကမ်းပါးတွင် ရေးထားသည့် ပန်းချီလက်ရာများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ယူနန်ရှေးဟောင်းပစ္စည်းဌာနမှ ပါမောက္ခဂျီကျူပင်က ပြောကြားသည်။

အဆိုပါပန်းချီကား၏ အရွယ်အစားသည် အလျား ၁ ဒသမ ၆ မီတာနှင့် အနံ ၁ ဒသမ ၄ မီတာရှိပြီး ယခုခေတ်သစ်လူများ၏ အရွယ်အစားရှိသည့် လက်ဖြင့်ရေးထားသည့် ပန်းချီကား ပေါင်း ၁၁ခုဖြစ်သည်။ ပန်းချီကားတစ်ခုတွင် ကခုန်နေသူနှစ်ဦး၏ ပုံရေးဆွဲထားပြီး လူကြီးတစ်ဦးက ယောကျ်ားပုံဖြစ်ပြီး အခြားတစ်ဦးက မိန်းမတစ်ဦးဖြစ်သည်။

အချိန်ကာလ ကြာမြင့်လာသည့်တိုင်အောင် ပန်းချီကား၏ ဆေးရောင်မှာ ထင်ရှားပြတ်သားလျက်ရှိနေသည်။ ယင်းပန်းချီဆေးသည် သံသတ္တုရိုင်းအမှုန့်နှင့် တိရစ္ဆာန်သွေးတို့ပေါင်းစပ်ပြီး ရေးဆွဲထားခဲ့ခြင်းဖြစ်သည်ဟု ပညာရှင်များက ခန့်မှန်းပြောကြားကြသည်။ ***အင်တာနက်။***



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တစ်ဦးချင်းနှင့် အသင်းလိုက် အကြိုးစားဆုံးဆုရသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

*** ၂၀၀၅–၂၀၀၆ မှ** ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့က Tracer Ball များ ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး အဖွဲ့ဝင်များနှင့်အတူ ဂေါက်သီးရိုက်ပြိုင်ပွဲကို ပါဝင်ကစားကြသည်။

၂၀၀၅–၂၀၀၆ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် Tracer Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပထမနေ့ပြိုင်ပွဲ

ယင်းနောက် ပြိုင်ပွဲဝင်အသင်း ၁၅ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် ၂၀၀၅–၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ ၁၀ ကျင်းကို စတင်ယှဉ်ပြိုင်ကြပြီး ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲကို ရပ်နားလိုက်သည်။

၂၀၀၅–၂၀၀၆ ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် မန္တလေး တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တို့တက်ရောက်ကြပြီး ပြိုင်ပွဲဝင် အသင်း ၁၅ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ် ပွဲစဉ်များအတိုင်း ဆက်လက်ယှဉ်ပြိုင် ကြရာ ပွဲစဉ်များအားလုံး ညနေပိုင်း တွင် ကျင်းပပြီးစီးသွားသည်။

ဆုချီးမြှင့်

ယင်းနောက် ၂၀၀၅–၂၀၀၆ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့် ခြင်း အခမ်းအနားကို ညနေ ၅ နာရီခွဲ တွင် ရေတံခွန်တောင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ ဆုချီးမြှင့်ပွဲ မစတင်မီ တေးသံရှင်များက မန္တလေး မြို့တော် စည်ပင်သာယာရေးကော် မတီ၏ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် သီဆို ဧည့်ခံ ဖျော်ဖြေကြသည်။

ရှေးဦးစွာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဥာဏ်ထွန်းက ၂၀၀၅–၂၀၀၆ ခုနှစ် တပ်မတော် ကာကွယ် ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက် ပြိုင်ပွဲ အသင်းလိုက် (အကျော့ပေး) ပြိုင်ပွဲတွင် တတိယဆုရ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ ဒုတိယ ဆုရ အရှေ့တောင်တိုင်း စစ်ဌာနချုပ် အသင်း၊ ပထမဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)အသင်းနှင့် အသင်း လိုက်(အကျော့မဲ့) ပြိုင်ပွဲတွင် တတိယ ဆုရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် အသင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်း၊ ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း တို့အား ဆုများကို ပေးအပ်ချီးမြှင့် သည်။

ဆက်လက်၍ တပ်ထိန်းချုပ် ဗိုလ်ချုပ် စောလှက တစ်ဦးချင်း (အကျော့ပေး)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ နှင့် တတိယ ဆုရရှိသူများနှင့် တစ်ဦးချင်း(အကျော့မဲ့)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက Most Par / Most Birdie ဆုရသူများ၊ နေ့ အလိုက် တစ်ဦးချင်း အကောင်းဆုံး (အကျော့ပေး) ဆုရသူများ၊ နေ့ အလိုက် တစ်ဦးချင်း အကောင်းဆုံး (အကျော့မဲ့) ဆုရသူများအား ဆုများ ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် က နေ့အလိုက် Longest Drive ဆုရသူများ၊ နေ့အလိုက် Nearest pin ဆုရသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က တစ်ဦးချင်း (အကျော့ပေး) အကြိုးစားဆုံးဆု၊ တစ်ဦးချင်း(အကျော့မဲ့) အကြိုးစား ဆုံးဆုနှင့် အသင်းလိုက်(အကျော့ပေး) အကြိုးစားဆုံးဆုရသူများအား ဆုများ ကို ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဆုဖလားပေးအပ်

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်းက ၂၀၀၅– ၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျော့ပေး) ပြိုင်ပွဲ တွင် တံခွန်စိုက်ဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)အသင်းနှင့် အသင်း လိုက်(အကျော့မဲ့) ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေးဦးစီးချုပ် ရုံး(ရေ) အသင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက် ဆုဖလားကြီးများကို ပေးအပ်ချီးမြှင့် သည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲတွင် တံခွန်စိုက် ဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ရေ)အသင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက် ဆုဖလားကြီးကို ပေးအပ်ချီးမြှင့် စဉ်။ (သတင်းစဉ်)

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း အသင်းလိုက် (အကျော့ ပေး) ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) အသင်းအား တပ်မတော်ကာကွယ် ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလား ကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် တာဝန်ရှိသူများက တစ်ဦးချင်း ဆုရရှိကြသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြ ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ သည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် တံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးရရှိသွားကြသော ကာကွယ် ရေးဦးစီးချုပ်ရုံး(လေ) အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း တို့မှ အားကစားသမားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြ သည်။



တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း Tracer Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၀၅–၂၀၀၆ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျော့မဲ့) ပြိုင်ပွဲ၌ စုစုပေါင်း ရိုက်ချက် ၆၅၀ ဖြင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)အသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၆၉၃ ချက်ဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၇၀၉ ချက်ဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက တတိယရရှိကြပြီး အသင်း လိုက်(အကျော့ပေး) ပြိုင်ပွဲ၌ စုစုပေါင်း ရိုက်ချက် ၅၃၅ ချက်ဖြင့် ကာကွယ် ရေးဦးစီးချုပ်ရုံး(လေ) အသင်းက ပထမ၊ စုစုပေါင်း ရိုက်ချက် ၅၆၃ ချက်ဖြင့် အရှေ့တောင်တိုင်းစစ်ဌာန ချုပ်အသင်းက ဒုတိယ၊ စုစုပေါင်း ရိုက်ချက် ၅၆၆ ချက်ဖြင့် အလယ် ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက တတိယရရှိကြသည်။

တစ်ဦးချင်း (အကျော့ပေး) ပြိုင်ပွဲ ၌ စုစုပေါင်းရိုက်ချက် ၁၂၇ ချက် ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းမှ ဗိုလ်ကြီးခန့်နေသွေးက ပထမ၊ စုစုပေါင်းရိုက်ချက် ၁၂၈ ချက်ဖြင့် အရှေ့တောင်တိုင်းစစ်ဌာန ချုပ်အသင်းမှ ဗိုလ်မှူးဇော်ဝင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၃၂ ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)အသင်းမှ ဗိုလ်ကြီးဇော်ဝင်းထိုက် က တတိယရရှိကြသည်။

တစ်ဦးချင်း(အကျော့မဲ့) ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးဉာဏ်ကိုးက ပထမ၊ စုစုပေါင်း ရိုက်ချက် ၁၅၅ ချက်ဖြင့် ကာကွယ် ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှဗိုလ်ကြီး ဇော်မင်းက ဒုတိယ၊ စုစုပေါင်းရိုက် ချက် ၁၆၁ ချက်ဖြင့် အရှေ့တောင် တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူး ဇော်ဝင်းက တတိယဆုရရှိကြသည်။ (သတင်းစဉ်)

❀ ကျောဖုံးမှ

နွေစပါး ၁၄၄၅ ဧက စိုက်ကွင်းသို့ ရောက်ရှိကြရာ စိုက်ကွင်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ခေါင်းတူရေလွှဲဆည် ရေသောက်စနစ်ဖြင့် နွေစပါး စိုက်ပျိုးမှု၊ ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်တို့၌ ခေါင်းတူဆည်ရေဖြင့် နွေစပါး ဧက ၁၅၀၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ယခင်နှစ်က ဧက ၆၀၀၀ သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ဧကတစ်သောင်း စိုက်ပျိုးပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နွေစပါးစိုက်ခင်းကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူ လယ်သမားကြီးများအား နွေစပါးစိုက်ပျိုးမှု အခြေအနေ၊ နိုင်ငံတော်၏ ပံ့ပိုးဆောင်ရွက်ပေးမှုအခြေအနေနှင့် သဘာဝမြေသြဇာများ ပေါင်းစပ်သုံးစွဲရေး ဆွေးနွေးမှာကြားသည်။

ပဲခူးတိုင်း၌ ၂၀၀၅–၂၀၀၆ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် တစ်တိုင်းလုံး၌ ယခုအထိ ၂၇၅၉၇၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

စစ်တောင်း–ဒိုက်ဦး ရထားလမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ရန်ကုန်–ပဲခူး–မော်လမြိုင်လမ်း မိုင်တိုင် (၈၁/၄) မိုင်သို့ ရောက်ရှိပြီး ယင်းမှတစ်ဆင့် ဒိုက်ဦး – မြစ်ကျိုး – ညောင်ခါးရှည် ကားလမ်းအတိုင်း စစ်တောင်း (ဆတ်သွားကုန်း)–မြစ်ကျိုး–ဒိုက်ဦး ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ ဦးထင်အောင်ကျော်က ထားဝယ်မှမြစ်ကြီးနားအထိ ရထားလမ်း တစ်ဆက်တည်း တောက်လျှောက်ခုတ်မောင်းနိုင်ရေးအတွက် စစ်တောင်း (ဆတ်သွားကုန်း) –မြစ်ကျိုး–ဒိုက်ဦး ရထားလမ်း ဖြတ်လမ်းသစ် ဖောက်လုပ်မှု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ Myanmar Golden Crown Construction & General Trading Co., Ltd.နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

တောက်လျှောက် ဆက်သွယ်နိုင်

အဆိုပါ ရထားလမ်းသစ်သည် ပဲခူး–မုတ္တမရထားလမ်းပေါ်ရှိ စစ်တောင်းတံတားအနီး (ဆတ်သွားကုန်း) ဘူတာမှခွဲ၍ ပဲခူးမြို့သို့ ဝင်ရောက်ခြင်းမပြုဘဲ ရန်ကုန်–မန္တလေးလမ်းရှိ ဒိုက်ဦးသို့ ဆက်သွယ်ပေးမည့် ရထားလမ်းဖြစ်ပြီး ခရီးမိုင် ၄၂မိုင်လျော့နည်း၍ ထားဝယ်မှ မြစ်ကြီးနားသို့ Main Line အဖြစ် တစ်ဆက်တည်းရထားဖြင့် တောက်လျှောက် ဆက်သွယ်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပဲခူးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးတင်ထွတ်က ၂၁ မိုင်နှစ်ဖာလုံရှိ ဒိုက်ဦး–မြစ်ကျိုး–ညောင်ခါးရှည် မြေသားကားလမ်း၌ ဂဝံခင်းဆောင်ရွက်နေမှု၊ မြေသားလမ်း မြှင့်တင်မှု၊ တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မြေသားလမ်းမြှင့်တင်မှုကို မိုးမကျမီအပြီးဆောင်ရွက်ရေး၊တံတားများ ကြံ့ခိုင်မှုရှိရေးအတွက် ဆွေးနွေးမှာကြားသည်။

၂၄မိုင်လျော့နည်း

အဆိုပါ ဒိုက်ဦး–မြစ်ကျိုး–ညောင်ခါးရှည် ဖြတ်လမ်းဖောက်လုပ်ခြင်းကြောင့် ရန်ကုန်–မော်လမြိုင်လမ်းနှင့် ရန်ကုန်–မန္တလေးလမ်းကို ဆက်သွယ်သွားလာရာတွင် ဘုရားလမ်းဆုံကို ပတ်၍ သွားခြင်းထက် ခရီးမိုင် ၂၄မိုင်လျော့နည်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဆိုပါလမ်းပေါ်ရှိ မိုင်တိုင်(၅/၄) မိုင်၌ အရှည်ပေ ၂၃၀ ရှိသော ဘေလီ+သစ်သား အမျိုးအစား ပဲခူး–စစ်တောင်းတူးမြောင်း တံတားသို့ရောက်ရှိ၍ တံတားကို ကြည့်ရှုစစ်ဆေးပြီး တံတားရေရှည်တည်တံ့ရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးသွားရန် မှာကြားကာ ယင်းတံတားပေါ်မှ စက်ယန္တရားဖြင့် ရထားလမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ပဲခူးတိုင်း ဝေါမြို့နယ် မြစ်ကျိုးကျေးရွာအုပ်စု ဒိုက်ဦး–ညောင်ခါးရှည် လမ်းပေါ်ရှိ နဂါးပေါက်ချောင်းကိုဖြတ်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိသော အရှည် ၂၃၅ပေရှိ ဘေလီသစ်သားအမျိုးအစား နဂါးပေါက်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ရန်ကုန်–မန္တလေးလမ်း မိုင်တိုင် (၈၄/၅) မိုင်ရှိ ဒိုက်ဦး–ညောင်ခါးရှည် ဖြတ်လမ်းနှင့် ဆုံရာနေရာသို့ ရောက်ရှိ၍ အဆိုပါလမ်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး မှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရဲနွယ်ရေလှောင်တမံ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန၊ တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးမော်သာထွေးက ရေယူအဆောက်အအုံလုပ်ငန်း၊ ရေထိန်းတံခါးလုပ်ငန်း၊ ရေယူဥမင်လိုဏ်တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဖိအားမြှင့်ပိုက်လိုင်း ဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားလိုင်း သွယ်ယူပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မှု အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည့် စီမံကိန်းဖြစ်၍ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး၊ စိုက်ပျိုးရေပေးဝေရေး၊ သတ်မှတ်ချိန်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဝေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း ပဲခူးမြို့နယ် ပေါက်တောကျေးရွာ ခေါင်းတူ ရေလွှဲဆည်ရေသောက်စနစ်ဖြင့် နွေစပါး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စုရပ်မှ ရဲနွယ်ရေလှောင်တမံ ပြီးစီးမှုအခြေအနေကို ကြည့်ရှုပြီး မော်တော်ယာဉ်ဖြင့် ရေလှောင်တမံအတွင်း လှည့်လည်ကြည့်ရှုကာ ရေယူဥမင်လိုဏ်နှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရဲနွယ်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသော ရဲနွယ် ရေအားလျှပ်စစ် စီမံကိန်းပြီးစီးပါက ဆည်ရေသောက်ဧရိယာဧက ၁၁၈၅၀၀ ကို အကျိုးပြုနိုင်ပြီး ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုနိုင်မည့်အပြင် ရေအားလျှပ်စစ် ၂၅မဂ္ဂါဝပ်ကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ သတ်မှတ်ကာကလအတွင်း ပြီးစီးရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင့်လွင်က ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်း၍ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စံချိန်စံညွှန်းနှင့်အညီ ခိုင်ခိုင်မာမာ တည်ဆောက်ရေး သတ်မှတ်ချိန်အမီ ပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းပြီးစီးပါက လယ်မြေဧရိယာဧက ၁၀၀၀၀၀ ကို ရေပေးသွင်း စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ် ၃၀ မဂ္ဂါဝပ်ကိုလည်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ခပေါင်း ရေလှောင်တမံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ပဲခူးတိုင်းအုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်

ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အုတ်တွင်းတပ်နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အုတ်တွင်းတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များကို ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များကို ပေးအပ်၍ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့များနှင့် ပျိုးကိုင်းများကို စိုက်ပျိုးပေးပြီး တပ်နယ်မိသားစုများ၏ ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်း စိုက်ပျိုးခြင်းကို လိုက်လံကြည့်ရှု အားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် စက်မှုလယ်ယာဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူဆီ အသုံးဝင်ပုံ သရုပ်ပြမှုများကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ပဲခူးတိုင်း တောင်ငူမြို့နယ် ခပေါင်းတံတားရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပဲခူးတိုင်းအတွင်း ဆွာချောင်း၊ ခပေါင်းချောင်း သဲသောင်ပြင် ဧက ၆၀၀ တွင် ကြက်သွန်နီ စိုက်ပျိုးဆောင်ရွက်နေမှုများကို ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက ကုမ္ပဏီများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ခပေါင်းတံတားပေါ်မှ သဲသောင်ပြင်တွင် စိုက်ပျိုးထားသော ကြက်သွန်နီ စိုက်ခင်းများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

ပဲခူးတိုင်း ကျောက်တံတားမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈–၂–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

ဂုး၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
ဂုး၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
ဂုး၃၀ ၃။ နံနက်ခင်းသတင်း
ဂုး၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
ဂုး၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၆။ အရေးပြိုင်ပွဲ
၈း၁၀ ၇။ တံငါတံတား
၈း၁၅ ၈။ အကပြိုင်ပွဲ
၈း၂၀ ၉။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Let's Go.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Everyday Use.
၄း၄၀ ၄။ တေးဂီတအစီအစဉ်
၄း၅၀ ၅။အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၀၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၁၀ ၇။ "ဟွန်းသံ" (ရောနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ–သက်တင်)
၅း၂၀ ၈။ ခံစားနားဆင်တေးဓာတ်ဝင်
၅း၃၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"(အပိုင်း–၆၈)**
၆း၅၅ ၁၃။ အကပြိုင်ပွဲ
ဂုး၁၀ ၁၄။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
ဂုး၂၅ ၁၅။ အတီးပြိုင်ပွဲ
ဂုး၄၀ ၁၆။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ်နေ့ကလေးများ" (အပိုင်း–၁၄)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈–၂–၂၀၀၆ (အင်္ဂါနေ့)

ဂုး၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
ဂုး၀၅ တစ်ကွင်းတစ်စပ်မြစ်ရေတင်လုပ်ငန်းများ
ဂုး၁၅ ဝါသနာရှင်စင်မြင့် (ထူးအယ်လင်း၊မီးမီးခဲ)
ဂုး၅၅ ပြည်တွင်းသတင်းအကျဉ်း
၈း၀၅ တေးဂီတအစီအစဉ်
၈း၁၀ Sport Pro
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ သွန်းလောင်းသံနည်းပညာ
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀ တေးဂီတအစီအစဉ်
၉း၀၅ Sunday Talk
၁၀း၀၀ တေးဂီတအစီအစဉ်
၁၀း၁၀ သကြားလုံးစက်ရုံ (ကျောက်ဆည်)
၁၀း၁၅ မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ တေးဂီတအစီအစဉ်
၁၀း၂၅ လူသုံးနည်းသစ်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုစေရေး
၁၀း၃၅ တေးဂီတအစီအစဉ်
၁၀း၄၀ လှပဆန်းသစ်သော မြန်မာ့မင်္ဂလာဝတ်စုံနှင့် ချည်ထည်ဒီဇိုင်းများ
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅ လိုက်နာကြပါ
၁၁း၂၀ တေးဂီတအစီအစဉ်
၁၁း၃၀ အနုပညာကြယ်ပွင့်များနှင့် တွေ့ဆုံခြင်း(ဂရေဟမ်နှင့် တွေ့ဆုံခြင်း)
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေစစ်ဆေး တွင်းသစ်အမှတ်(၃၂)တူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်မှုကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် တာဝန် ရှိသူများ လိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား ရေနံမြေရှင်းလင်း ဆောင်၌ အထွေထွေမန်နေဂျာ ဦးအေးမြင့်က ညောင်တုန်းရေနံမြေ၏ လက်ရှိ တူးဖော်ထုတ်လုပ်နေမှု အခြေအနေများကို လည်းကောင်း၊ အင်ဂျင်နီယာချုပ် (တူးဖော်ရေး) ဦးကံမြင့်ကြီးက အသစ်ထပ်မံတူးဖော်ခဲ့သော ညောင်တုန်း တွင်းသစ်အမှတ်(၃၂)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် လက်ရှိထုတ်လုပ်နေမှု အခြေအနေတို့ကို လည်းကောင်း၊ ဘူမိရူပဗေဒ အရာရှိချုပ် ဦးမင်းဟန်က ညောင်တုန်း/မအူပင်ဒေသများ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ညောင်တုန်းဒေသ၌ တွင်းသစ်များ ဆက်လက်တူးဖော် သွားနိုင်ရေး၊ ဘူမိအနေအထား ဆက်စပ်လျက်ရှိသည့် မအူပင်/ရေလဲကလေးဒေသ ပေနက်ပိုင်း အလားအလာများရှိသည့် ရွှေလောင်းဒေသ၌ ရှာဖွေရေး တွင်းသစ်များ တိုးချဲ့တူးဖော်သွားနိုင်ရေး၊ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို မှာကြားပြီး တွင်းတူးစက်နေရာချထားမှုအစီအစဉ်နှင့်ညောင်တုန်း သဘာဝဓာတ်ငွေ့မြေကို နှစ်ကာလကြာရှည်စွာ ထုတ်ယူသုံးစွဲ သွားနိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရမည့် အစီအမံများကို ချမှတ်ပေးသည်။

ထို့နောက်ဝန်ကြီးက တွင်းတူးဖော်ရေးအောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တွင်းသစ်အမှတ်(၃၂)သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တွင်းသစ်အမှတ်(၃၂)မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၃ ဒသမ ၅သန်းခန့်နှင့် လေဆီ (Condensate)စည် ၂၀ခန့်ကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ်(၃၂)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ဖေဖော်ဝါရီ ၂၇ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက် ခြစည်းရိုးကြက်ဆူပင် ပျိုးခင်းအတွက် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်မောင်နှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ခြံစည်းရိုး ကြက်ဆူပင်ပျိုးထောင် ဆောင်ရွက်ကြစဉ်။ (၃၂)

ပုပ္ပားစကားဝါမြေ ဆရာတော်၏ဓမ္မခရီးစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ လှိုင်မြို့နယ်၊(၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက် နာယကစာချ သာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တ ပညာဝံသသည် မတ် ၂ ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(မြောက်)ရန်ကင်း၊ ရန်ရှင်းလမ်း ဓမ္မသဘင်၌ လည်းကောင်း၊ မတ် ၁၀ ရက် ၁၁ ရက်နှင့် ၁၃ ရက်တို့တွင် လှည်းကူးမြို့နယ် ကြို့ကုန်းကျေးရွာရှိ ဦးထွန်းကြွယ် မိသားစု၏ ဘုရား၊ ကျောင်း၊ ရေတွင်း ရေစက်ချ အလှူတော်၌ လည်းကောင်း၊ မတ် ၁၆ရက်နှင့် ၁၇ရက်တို့တွင် တွံတေးမြို့နယ် မိုးမခကျေးရွာ စာတော်ပြန်ပွဲ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (က–ပ)

သုတေသနစာတမ်းဖတ်ပွဲ ဒုတိယနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကြီးမှူးကျင်းပသော The Fourth International Conference on Computer Application (ICCA 2006) **သုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၄ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အစည်းအဝေးခန်းမတွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။**

အခမ်းအနားတွင် စာတမ်းဖတ်ပွဲကို မင်းတုန်းခန်းမ ၁ တွင် Simulation and modeling, Web Engineering စာတမ်းများကိုလည်းကောင်း၊ မင်းတုန်း ခန်းမ ၂ တွင် Database and XML, Distributed Computing, Net- working စာတမ်းများကို လည်းကောင်း၊ဒဂုံခန်းမတွင် Bioinformatic, Image Processing စာတမ်းများကိုလည်းကောင်း၊ အလုံခန်းမတွင် Mobile and Wireless Computing, Networking စာတမ်းများကို လည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြသည်။ ဒုတိယနေ့တွင် ဖတ်ကြားတင်သွင်းကြသော စာတမ်းများမှာ စုစုပေါင်း ၃၉ စောင်ဖြစ်သည်။

ဒုတိယနေ့ မွန်းလွဲပိုင်း အစီအစဉ်များတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် တတိယနှစ်ကျောင်းသား မောင်ထူးမြင့်နောင်၏ My Myanmar Unicode System ကို မိတ်ဆက်တင်ပြခြင်းနှင့် ဆွေးနွေးတင်ပြခြင်းကိုလည်းကောင်း၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ည့်ပါမောက္ခ ဒေါက်တာမြင့်မြင့်စိန်က 3D Image Viewing Box ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသည်။

ထို့နောက် ညပိုင်းတွင် ညစာစားပွဲကို ဆက်လက်ပြုလုပ်ခဲ့ရာသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ စာတမ်းရှင်များ တက်ရောက်ကြသည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲများကို ၂၀၀၃ ခုနှစ်မှစတင်၍ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ကြီးမှူးပြီး နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအကြိမ်သည် စတုတ္ထအကြိမ်ဖြစ်သည်။ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်သည် ကွန်ပျူတာပါရဂူဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံများမှ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ပါရဂူဘွဲ့ သင်တန်းများမှ သုတေသနပြုလုပ်ထားမှုစာတမ်းများကို အပြည် ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲအဖြစ် ယခုကဲ့သို့ နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ ယခုအကြိမ်ကျင်းပသော သုတေသနစာတမ်းဖတ်ပွဲတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ စာတမ်းပေါင်း ၃၃ စောင်၊ မြန်မာနိုင်ငံမှ စာတမ်းပေါင်း ၆၅စောင် စုစုပေါင်းစာတမ်း ၉၈ စောင်ဖတ်ကြားတင်သွင်းခဲ့ကြသည်။ (ကြေးမုံ)

မော်လမြိုင်မြို့၊ ပရိယတ္တိသဒ္ဓမ္မပါလအသင်း(၇၅)ကြိမ်မြောက် စိန်ရတုဓမ္မပူဇာဆုနှင်းသဘင်အတွက် ကျောင်းဒါယိကာမကြီး ဒေါ်ခင်သန့်က အလှူငွေကျပ်တစ်သိန်းကို အတွင်းရေးမှူးဦးစိုးဝင်းထံ ဖေဖော်ဝါရီ ၂၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်ဆေးရုံကြီးသို့ ဘီးတပ်ကုလားထိုင်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ရန်ကုန်ဆေးရုံကြီးသို့ လူနာသုံး ဘီးတပ်ကုလားထိုင်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ရက် နံနက်ပိုင်းက ရန်ကုန်ဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး(အငြိမ်းစားသံအမတ်ကြီး)၊ အတွင်းရေးမှူး ဦးမောင်မောင်နှင့် ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ရန်ကုန်ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကိုယ်စား ဆေးရုံအုပ်ကြီး ဒေါက်တာဦးပိုလေးက လူနာသုံး ဘီးတပ်ကုလားထိုင် ၁၀စီးပေးအပ်လှူဒါန်းရာ ရန်ကုန်ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** (က–ပ)

ဆုချီးမြှင့်

အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ သူငယ်တန်းမှ ဘက်စုံထူးချွန်ဆုရရှိသူ မောင်အာကာမင်းဦးအား ကျောင်းအုပ်ဆရာကြီး ဦးစန်းအောင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈–၂–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။ မျိုးချစ်တပ်မတော်
၅:၁၀	၈။ ပညာခေတ်
၅:၄၅	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –နန်းတွင်းရတနာ (အပိုင်း–၁၅)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ ကျန်းမာသုတ
	၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – တရားစီရင်ထုံး (အပိုင်း–၁၄)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

မှတ်တမ်းတင်ဓာတ်ပုံ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် အဖွဲ့ဝင်များ အသင်းလိုက် အကျော့မဲ့ပြိုင်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆုဖလားကြီး ဆွတ်ခူးရရှိသွားသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) အသင်းနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်း–ကျော်ဖုံး) (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ နှစ်စဉ် ကျင်းပပူဇော်မြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၇ ခုနှစ်တွင် (၂၅၉၄)နှစ်မြောက်အဖြစ် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဟု ဆိုအပ်သော ပူဇော်ခြင်းအရပ်ရပ်တို့ဖြင့် ပူဇော်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မတ် ၄ရက် နံနက် ၉နာရီတွင် ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ဖွင့်ပွဲ အခမ်းအနားကျင်းပပြီး တပေါင်းလပြည့်နေ့ မတ် ၁၃ရက် နံနက် ၉နာရီအထိ သံဃာတော်အပါး ၁၂၀တို့က ၁၀ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ မတ် ၁၂ရက် ညနေ ၄နာရီတွင် ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်၌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၈ပါးနှင့် သီလရှင် ၂၇ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပမည်ဖြစ်ပြီး တပေါင်းလပြည့်နေ့ မတ် ၁၃ ရက် နံနက် ၅နာရီတွင် စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး စုပေါင်းဆက်ကပ်လှူဒါန်း၍ ယင်းနံနက် ၉နာရီခွဲတွင် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချအနုမောဒနာ အခမ်းအနားကျင်းပမည်ဖြစ်သည်။

ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ပါဝင်ကုသိုလ်ပြုလိုသူများသည် ဗုဒ္ဓပူဇနီယပွဲတော် ကာလအတွင်း ရုံးပိတ်ရက်များတွင် ဂေါပကအဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် နံနက် ၅နာရီမှ ၇နာရီအထိ အများပြည်သူများ လွယ်လင့်တကူ သင့်တင့်သော အလှူငွေဖြင့် အသင့် ဆွမ်းတော်ကြီးကပ်လှူနိုင်ရန် ဂေါပကအဖွဲ့က စီစဉ်ထားသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျေးလက်ပြည်သူများ ဘဝတိုးတက်စေရန် ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၃)အမှတ်(၅)ကို မတ် ၁ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယင်းဂျာနယ်တွင် ထော်လာဂျီမီးသတ်ယာဉ်၊ ဆူးပုပ်ပင်အာနိသင်နှင့် စိုက်ပျိုးနည်း၊ တောင်ပေါ်ဒေသ ဝင်ငွေတိုးရေး မက်မန်းစိုက်ပျိုးပေး၊ မြေကိုပြုပြင်အသုံးပြုလျှင်၊ မုန်လာဥဖြူ၏ အကျိုးအာနိသင်၊ တိရစ္ဆာန်အမျိုးမျိုးမှ ဆေးအသုံးဝင်ပုံ၊ ကြက်ဆူရိုင်းနှင့် တိုင်းရင်းဆေး၊ ငရုတ်ကောင်း အထွက်နှုန်းကောင်းဖို့၊ လွမ်းစရာ့ကျေးလက်တေးများ၊ ပိုလို့တောင်ချစ်သွားပြီ၊ ပင်စိမ်း၊ အမျိုးသမီးများနှင့် သလဲသီး၊ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရမည်စသည့် ဆောင်းပါး၊ ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့်သတင်းကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်ပြီး စာမူများနှင့် ကြော်ငြာများကို အမှတ်(၃၀–၃၂)၊ (၁၀)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)

ဆွေးနွေးပွဲတက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မတ် ၁ရက်မှ ၃ရက်အထိ ကျင်းပမည့် "အာဆီယံ+၃ မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲ"သို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

● **ပြည်သူများမှ**

ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်းရှိ ရေချိုငါးဥယျာဉ်ကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ၂၀၀၄ခုနှစ် ဧပြီလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၅ခုနှစ် မေလ ၁၄ရက်တွင် တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ခဲ့သည်။ နှစ်ဟက်တာ အကျယ်အဝန်းရှိသော ယင်းရေချိုငါး ဥယျာဉ်တွင် ရေတံခွန် နှစ်ခု၊ စမ်းချောင်းတစ်ခု၊ ငါးပြကန် ၂၃ ခု၊ Sound Effect နှင့် တွဲဖက်ထားသည့် လိုဏ်ဂူတစ်ခု၊ ငါးအလှပြမှန်ကန် ၂၄ခု အပါအဝင် ပန်ဒါဝက်ဝံ၊ ရေသူမနှင့် လင်းပိုင်စသော ရုပ်တုများလည်းတည်ဆောက်ထားသလို သက်ရှိ ရေချိုသတ္တဝါမျိုးများဖြစ်သော မိကျောင်း၊ ရေပုတ်သင်၊ ရေလိပ်၊ ကုန်းလိပ်၊ တိုင်းရင်းရေချို ငါးမျိုးများ၊ ပြည်ပရေချို ငါးမျိုးများကို အစုအဖွဲ့အလိုက် ပြသထားသည်။ ထို့ပြင် ဒီရေတောဂေဟဗေဒထိန်းသိမ်းရေး၊ ပင်လယ်လိပ်ကြီးများ ထိန်းသိမ်းရေး ပြကွက်များကိုလည်း တည်ဆောက်ပြသထားရာ လာရောက်လေ့လာ အပန်းဖြေသူများအတွက် ဗဟုသုတရရှိစေသည့်အပြင် အတွေးသစ်အမြင်သစ်များကိုလည်း ရရှိစေသည်။

ရေချိုငါးဥယျာဉ်တွင် ပြသထားသည့် ငါးမျိုးများအနက် မြန်မာတိုင်းရင်းမျိုး ၂၀၊ အာရှမျိုး ၂၇ မျိုး၊ အာဖရိကမျိုး ငါးမျိုး၊ လက်တင်အမေရိကမျိုး ရှစ်မျိုး စုစုပေါင်း ငါးအမျိုးအစား ၆၂ မျိုး ငါးအကောင်ရေ ၁၂၈၀၀ ကို ပြသထားပြီး ရေတွင်ပေါက်သည့် အပင်အမျိုးမျိုးကိုလည်း ပြသထားရှိသည်။

"ဒီရေချိုငါးဥယျာဉ်က ဗဟုသုတအတော်လေးရပါတယ်။ ဒီမှာမရှိတဲ့ငါးမျိုးတွေဖြစ်တဲ့ အာရှ၊ အာဖရိကမှာရှိတဲ့ ငါးမျိုးတွေကို ဒီတစ်နေရာတည်းတွေ့ရတယ်၊ ဒါ့အပြင် ထူးဆန်းသတ္တဝါ လိပ်ကြက်တူရွေး၊ တွေ့ရခဲတဲ့ ငါးရှူဖြူစတဲ့ သတ္တဝါ အမျိုးအစားတွေကို တွေ့ရပါတယ်၊ ပြည်တွင်း၊ ပြည်ပ ရေချိုသတ္တဝါ အမျိုးမျိုးရဲ့ အလေ့အထ၊ စရိုက်လက္ခဏာတွေကိုလည်း အများကြီးလေ့လာလို့ ရပါတယ်၊ ဒီရေချိုငါးဥယျာဉ်ကို ယခုထက်ပိုကောင်းအောင်၊ ပိုစိတ်ဝင်စားစရာ ကောင်းအောင် လုပ်ပေးနိုင်မယ်ဆိုရင် နိုင်ငံခြားသားတွေအများကြီးလာလေ့လာ ကြလိမ့်မယ်လို့ ထင်ပါတယ်"ဟု အဆိုပါကန်တော်ကြီးရေချိုငါးယျာဉ်ကိုလာရောက်လေ့လာအပန်းဖြေသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဥယျာဉ်အတွင်းရှိ ရေချိုသတ္တဝါများသည် အစာစိုဖြစ်သည့် ပုစွန်၊ အမဲသား၊ ငါး အသားစားသည့် သတ္တဝါများရှိသလို အစာခြောက်ဖြစ်သည့် ဖွဲနု၊ ပုစွန်မှုန့်၊ အသားမှုန့်များကို ရောနှောပြုလုပ်ထားသော အစာများကို စားသုံးသည့် သတ္တဝါများလည်းရှိကြောင်း သိရှိရသည်။

ရေချိုငါးဥယျာဉ်အနေဖြင့် အလှပြငါး စိတ်ဝင်စားသူများအတွက်လည်း အလှပြငါးဆိုင်ရာ သတင်းအချက်အလက်များ၊ မွေးမြူပြုစုရေးနည်းများနှင့် ရရှိနိုင်မည့်နေရာ၊ ညွှန်ပြနိုင်သည့် အသိပညာပေးဌာနအဖြစ်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(ကြေးမုံ)



ကန်တော်ကြီး ရေချိုငါးဥယျာဉ်အတွင်း အရောင်အသွေးစုံလင်စွာ တွေ့ရသော Flower Horn ငါး။

(ဓာတ်ပုံ–ညီညီစိုးညွန့်)

ပို့ဆောင်နှုတ်ဆက်

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အာဆီယံ+၃ မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်မည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ

(National Seminar on the Anti Trafficking in Persons Law)

၂၈–၂–၂၀၀၆ မှ ၁–၃–၂၀၀၆

ရန်ကုန်၊ ဆီဒိုးနားဟိုတယ်

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သံသုမာလမ်းနေ ဒေါ်လေလီ မိသားစုက ဥက္ကလာပစေတီတော်၏ ထီးတော်မှ ခေါင်းလောင်းတော်အထိ ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေ ကျပ်တစ်သိန်းကို ဖေဖော်ဝါရီ ၂၅ရက်က ပေးအပ်လှူဒါန်းရာ စေတီတော်ရွှေသင်္ကန်းကပ်လှူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝေမင်းလက်ခံစဉ်။ (မြင့်)

တပ်မတော်နေ့ စစ်ချီစစ်ရေးတေး ပြိုင်ပွဲဝင် ပဏာမရွေးချယ်တေးများ အပြီးသတ်တင်ပြရန် အသိပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီက ပြိုင်ပွဲဝင်တေးများကို ပဏာမရွေးချယ်ထားသည်။

စစ်ချီတေးပြိုင်ပွဲတွင် ဒီဃဦး၏ အမျိုးကိုချစ်သော တပ်မတော်၊ စောရန်ကျော်၏ ပြည်သူနဲ့တပ်မတော်၊ လင်းကျော်၏ ပြည်သူနှင့်အတူ၊ နေမွန်ရွှေဝင်း၏ သမိုင်းကြောင်းကောင်းတဲ့ တပ်မတော်၊ ဝင်းထွန်း(မြဝတီ)၏ နိုင်ငံတော်အတွက် ကြည်း၊ ရေ၊ လေနှင့် လေးနိုင်မင်း(မြဝတီ)၏ ကြည်း၊ ရေ၊ လေ တို့တပ်မတော် တို့ဖြစ်သည်။

စစ်ရေး အဆင့်(၁)ပြိုင်ပွဲတွင် ခင်မြသက်နှင်း၏ ခေတ်မီ စစ်စွမ်းရည်နှင့် မြန်မာ့ တပ်မတော်၊ ထွန်းထွန်းမင်း၏ ကြည်း၊ ရေ၊ လေ၏ ပန်းတိုင်ခရီး၊ တက္ကသိုလ်အေးကို၏ တပ်နှင့်ပြည်သူ အောင်လံထူ၊ စိုးထွဋ်ခိုင်၏ စည်းလုံးချစ်ကြည်မိဋ္ဌာန်ညီ တိုင်းပြည်သစ်ကိုတည်၊ ဟသ်ာတမျိုးအောင်၏ ညီနောင်ချစ်ကြင်အလှဆင် မြန်တိုင်းသာစေ အောင်ဌာနေ၊ စိုးစိုး(မြန်မာစာ)၏ အလှစုံဖြာဝေ အောင်ဌာနေ၊ ဝင်းထွန်း(မြဝတီ)၏ လေးစားဂုဏ်ယူမိတာ၊ လေးနိုင်မင်း(မြဝတီ)၏ အမိမြေရဲ့ ပြည်ချစ်သားနှင့် နေမွန်ရွှေဝင်း၏ သမိုင်းပေး တာဝန်ကျေ တို့ဖြစ်သည်။

စစ်ရေးအဆင့်(၂)ပြိုင်ပွဲတွင် ပွင့်သစ်ဦး(ကလေးဝ)၏ စစ်မြေစခန်းသို့ ချစ်မှာတမ်း၊ စောလှထွန်း၏ မြန်မာ့ အောင်ပန်းပွင့်စေမှာ၊ ယုကီ၏ မြန်မာ့သွေး မြန်မာ့သား၊ စောစုစုစံ၏ ပန်းတိုင်ရည်မှန်းလှမ်းတက်ညီ ပြည်ထောင်စုအလှပန်းချီ၊ အောင်နိုင်စိုး၏ သားသားချစ်တဲ့ မြန်မာ့တပ်မတော်၊ တက္ကသိုလ်မောင်နေလွင်၏ မိမွေ့ဖမွေ့ တို့ပိုင်မြေ၊ ကျော်မင်းထွဋ်၏ ကိုကိုစစ်သား၊ လှသောင်းဦး(သာယာဝတီ)၏ မြန်မာ့သွေးပီပီရဲသည်၊ ရွှန်းလဲ့ရတနာ၏ အောင်မြင်ခြင်းပန်းချီ၊ မျိုးဆွေသန့်၏ မြန်မာ့စစ်သည်တော်၊ ချစ်သက်ဝင်း၏ ဆယ့်နှစ်ရပ်ဦးတည်ချက် တို့ထမ်းရွက်၊ တင့်လွင်ဦး၏ နှလုံးသားလှတဲ့ သားကောင်းဇာနည်နှင့် နေမျိုးဝင်း၏ နှလုံးသားထက်က ကမ္ပည်းသစ္စာတို့ဖြစ်သည်။

ပဏာမရွေးချယ်ထားသော ပြိုင်ပွဲဝင်တေးရေးသူအားလုံးသည် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွေး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ အမြန်လာရောက်သတင်းပို့ကြရန်ဖြစ်ပြီး ပြိုင်ပွဲဝင် တေးများကို ဆုအဖြစ်ဆုံးဖြတ် ရွေးချယ်နိုင်ရန် အပြီးသတ် အသံသွင်းထားသော အခွေချော DAT (သို့မဟုတ်) CDအခွေကို မတ် ၃ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက် တင်ပြကြရန် အသိပေး အကြောင်းကြားထားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သုမင်္ဂလာလမ်းနေ ဦးစိုးညွန့်-ဒေါ်ခင်ကြည်၊ (ကြာညိုပန်း မိသားစု)က ဒဂုံမြို့နယ် အမှတ်(၁၂)၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၀သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဆင်မင်း ဦးတင်ရွှေထံမှ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပျိုရွယ်သူများ မျိုးဆက်ပွား ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်း စီမံချက်ဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ပျိုရွယ်သူများ မျိုးဆက်ပွား ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်း စီမံချက်ဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူး အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူ များ၊ သင်တန်းဆရာများ၊ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ဌာနေ ကိုယ်စားလှယ် Mr. Daniel B. Baker က စီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းဝင် သင်တန်းသား စုစုပေါင်း ၄၀တို့ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်သည်။

ယခုသင်တန်းမှ သင်တန်းသားများသည် မိမိဒေသ ပြည်နယ်နှင့် တိုင်းတို့တွင် သင်တန်းသား ၄၅ဦးစီကို ဆင့်ပွားသင်တန်းပြန်လည်ပို့ချမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်အမှတ် (၁၃)ရပ်ကွက် မီးဘေးသင့်ခံရသော သီရိမင်္ဂလာစာသင်တိုက် ပြန်လည်တည်ဆောက်ရန်အတွက် ရခိုင်လူမှုရေးအသင်းက အလှူငွေ ကျပ် ၁၁သိန်းကို သီရိမင်္ဂလာစာသင်တိုက် ဆရာတော်ထံ ဖေဖော်ဝါရီ ၂၇ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

Nibban နှင့် ဗဟိုထုတ်ကုန်ပစ္စည်းများ အရောင်းကိုယ်စားလှယ် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

Nibban Electric & Electrionic လုပ်ငန်းက ထုတ်လုပ်သော Nibban နှင့် ဗဟိုထုတ်ကုန်ပစ္စည်းများကို အထူးဦးစားပေး ရောင်းချလျက်ရှိသော အရောင်း ကိုယ်စားလှယ်များအား ကျေးဇူးတုံ့ပြန်ဂုဏ်ပြုသည့် Dealers' Night 2006 အခမ်းအနားကို ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ Nibban Electric & Electronics လုပ်ငန်းရှင် ဦးသိန်းကြည်က ကြိုဆို နှုတ်ခွန်းဆက် စကားပြောကြားပြီး အထွေထွေမန်နေဂျာ ဒေါက်တာအောင်သိန်းက အရောင်းဆိုင်ရာ စည်းကမ်းများနှင့် ထုတ်ကုန်ပစ္စည်း အသစ်များဖြစ်သော NIBBAN Auto & Manual Voltage Regulator, NIBBAN Auto Voltage Regulator & Safeguard, NIBBAN Auto Inverter, NIBBAN Digital AVR များအကြောင်းကို မိတ်ဆက်ရှင်းလင်း၍ အရောင်းကိုယ်စားလှယ်များ၏ အကြံပြုမေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဆုများချီးမြှင့်

ထို့အပြင် ၂၀၀၅ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များနှင့် ရောင်းအားတိုးတက်မှုအကောင်းဆုံး ကိုယ်စားလှယ်များအား ဆုများကို ချီးမြှင့်သည်။

ထုတ်လုပ်ဖြန့်ဖြူး

Nibban Electric & Electronics လုပ်ငန်းသည် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ISO 9001 : 2000) လက်မှတ်ရရှိထားပြီး သုံးစွဲသူများ၏ လိုအပ်ချက်ဖြစ်သော အရည်အသွေးမြင့်မားသည့် NIBBAN TV Antenna နှင့် Boosterများ၊ NIBBAN Protection Devices, NIBBAN Auto & Manual Voltage Regulator, NIBBAN Auto Voltage Regulator & Safeguard, NIBBAN Auto Inverter, NIBBAN Digital AVR၊ ဗဟိုအင်ဗာတာ၊ ဗဟိုမီးအားမြှင့်စက်နှင့် ဗဟိုဘက်ထရီချာဂျာများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် ပျိုရွယ်သူများ မျိုးဆက်ပွား ကျန်းမာရေး မြှင့်တင်မှု လုပ်ငန်းစီမံချက်ဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးအသင်း ဂုဏ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အစိုးရက ချီးမြှင့်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသည့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အနောက်ခင်မကန်တိုက် စည်သာကျောင်း ဆရာတော် ဘဒ္ဒန္တနာရဒ၊ ချမ်းမြသာစည်မြို့နယ် ဓမ္မိကာရာမတိုက် မိတ္တာလမ်း ကျောင်းဆရာတော် ဘဒ္ဒန္တသုဇနပီယ၊ မဟာအောင်မြေမြို့နယ် ကင်းဝန်မင်းကြီး ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝဇီရာဝုဓ၊ ရန်ကင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဩဘာတသိရီဘိဝံသ တို့အား မန္တလေးအသင်း(ရန်ကုန်)က ဂုဏ်ပူဇော်သဘင်ကို မတ် ၁၅ ရက် နံနက် ၉ နာရီတွင် မန္တလေးအသင်းတိုက် ရတနာပုံခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်သည်။

လှူဖွယ်ပစ္စည်းများကို အသင်းတိုက် ဖုန်း-၃၈၀၆၆၃ သို့ ဆက်သွယ်လှူဒါန်းပါရန် နှိုးဆော်ထားသည်။ (က-ပ)



Nibban Electric & Electronics လုပ်ငန်းက ထုတ်လုပ်သော NIBBAN နှင့် ဗဟိုထုတ်ကုန်ပစ္စည်းများကို အထူးဦးစား ပေးရောင်းချလျက်ရှိသော အရောင်းကိုယ်စားလှယ်များအား ကျေးဇူးတုံ့ပြန်ဂုဏ်ပြုသည့် Dealers Night 2006 အခမ်းအနားတွင် အထွေထွေမန်နေဂျာ ဒေါက်တာအောင်သိန်းက အရောင်းဆိုင်ရာ စည်းကမ်းများနှင့် ထုတ်ကုန်ပစ္စည်းအသစ်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၁)လမ်းနေ နှစ်ဖက်သောမိဘများနှင့် ဦးစိန်လင်းအားရည်စူး၍ ဒေါ်တင်ညွှန့် မိသားစုက သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

မြန်မာလိဂ် အဆင့်မြင့်တန်းပြိုင်ပွဲ ဘဏ္ဍာ/ အခွန်နှင့် ပို့ဆောင်ရေး သရေကျ စည်ပင်နှင့်သစ်တော ဂိုးမရှိ သရေပွဲဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် ပို့ဆောင်ရေး၊ မြို့တော်စည်ပင်နှင့် သစ်တောရေးရာအသင်းတို့ သရေပွဲများဖြစ်သွားကြသည်။

သုဝဏ္ဏကွင်း

ဘဏ္ဍာ/အခွန် **တစ်ဂိုး**
(ကျော်ကျော်စိုး)
ပို့ဆောင်ရေး **တစ်ဂိုး**
(ပြည့်ဖြိုးဦး)
ဒိုင်လူကြီး **ဦးစိုးမိုးကျော်**

ဒုတိယပိုင်းအစတွင်သာ ဘဏ္ဍာ/အခွန်တို့ ဖိကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ပို့ဆောင်ရေးက ပွဲကို စိုးမိုးလာခဲ့သည်။ ချေပဂိုးရရှိရေးအတွက် ပို့ဆောင်ရေးအသင်းမှာ တိုက်စစ် တရစပ်ဆင်လာသည်။ ဘဏ္ဍာ/အခွန်အသင်း ဖျက်ထုတ်နေသည့်ကြားမှ ၂၈မိနစ်တွင် အေးမင်းဝင်းကန်တင်သော ဘောလုံးကို ဂိုးသမား အောင်အောင်ဦး ပုတ်ထုတ်ရာမှ ပြန်ထွက်အလာ တိုက်စစ်မှူးပြည့်ဖြိုးဦးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ အနိုင်ရရှိရေးအတွက် ဘဏ္ဍာ/အခွန်အသင်းမှ ဝါရင့်တိုက်စစ်မှူး မျိုးလှိုင်ဝင်းကို ၂၄မိနစ်ကတည်းက ထည့်ပြီး တိုက်စစ်အားမြှင့်တင်ခဲ့သော်လည်း တစ်ဦးချင်းအလွတ်မပေးဘဲ ဖျက်ထုတ်ကစားခဲ့သော ပို့ဆောင်ရေးအသင်း၏ ကစားပုံ

ဘဏ္ဍာ/အခွန်တိုက်စစ်မှူး ကျော်သူရ ပို့ဆောင်ရေး နောက်ခံလူနှစ်ဦးကို ကျော်ဖြတ်ရန် ကြိုးပမ်းစဉ်။ (ကြေးမုံ)

ပို့ဆောင်ရေးအသင်း၏ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် ကစားမှုကြောင့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း၏ ချန်ပီယံဆုကို စောစီးစွာဆွတ်ခူးရရှိရေးအိပ်မက် ပျက်ပြယ်ခဲ့ရသည်။ ဘဏ္ဍာ/အခွန်အသင်းမှာ ယခုပွဲသရေကျလိုက်၍ ပြိုင်ပွဲမပြီးခင် ချန်ပီယံဆု ရရှိရန် မတ် ၄ရက်တွင် ကစားမည့် သစ်တောပွဲကို အနိုင်ကစားရန် လိုအပ်လာပြီဖြစ်သည်။

ပို့ဆောင်ရေးအသင်းနှင့် တွေ့တိုင်း ခက်ခက်ခဲခဲ ကစားရလေ့ရှိသော ဘဏ္ဍာ/အခွန်အသင်းမှာ ယနေ့ပွဲတွင် တစ်သင်းလုံးတက်၊ တစ်သင်းလုံးဆင်း ကစားခဲ့သော ပို့ဆောင်ရေးအသင်း၏ ကစားဟန်ကြောင့် လိုအပ်နေသော အနိုင်သုံးမှတ်ကို မယူနိုင်ခဲ့ပေ။ ၇၃မိနစ်အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနေခဲ့သော ဘဏ္ဍာ/အခွန်အသင်းမှာ ကျန် ၁၇မိနစ်တွင် အနိုင်ကို မထိန်းနိုင်ဘဲ ချေပဂိုးပြန်ပေးရကာ တစ်မှတ်စီခွဲယူခဲ့ရသည်။

ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်း ပိုမိုဖိကစားနိုင်ခဲ့သော်လည်း နောက်တန်း ငါးယောက်ထားပြီး အလယ်တန်းလူများပါ ခံစစ်ကို ဆင်းကူသော ပို့ဆောင်ရေးအသင်း၏ ကစားပုံကြောင့် တိုက်စစ်သဏ္ဍာန် ပုံမပေါ်ခဲ့ပေ။ ဘဏ္ဍာ/အခွန် အသင်းအတွက် ဦးဆောင်ဂိုးကို ၃၂မိနစ်တွင် ကျော်ကျော်စိုးက သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ဘဏ္ဍာ/အခွန်က တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ကြောင့် အနိုင်ဂိုးရရှိရေး မျှော်လင့်ချက် ပျက်ပြယ်ကာ တစ်ဂိုးစီ သရေဖြစ်ခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းသည် ၁၂ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိ ၄၄ဂိုးသွင်း၊ သုံးဂိုးပေး၊ ၃၇ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်နေသည်။ ဒုတိယနေရာမှ ၁၂ပွဲကစား၊ ၃၀မှတ်ရရှိထားသည့် စီးပွား/ကူးသန်းကို ခုနစ်မှတ်ဖြတ်ထားရာ သစ်တောပွဲကို အနိုင် (သို့မဟုတ်) သရေကစားအပြီး ချန်ပီယံဆုကို ဆွတ်ခူးရရှိမည်ဖြစ်သည်။ ပို့ဆောင်ရေးအသင်းမှာ ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံး၊ ၂၇ ဂိုးသွင်း၊ ၁၂ ဂိုးပေး၊ ၂၅ မှတ်ဖြင့် တတိယနေရာတွင် ဆက်လက်ရပ်တည်နေသည်။

အောင်ဆန်းကွင်း

မြို့တော်စည်ပင် **ဂိုးမရှိ**
သစ်တောရေးရာ **ဂိုးမရှိ**

ယနေ့ပွဲသရေကျလိုက်၍ မြို့တော်စည်ပင်အသင်းမှာ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံး၊ ၁၂ ဂိုးသွင်း၊ ၁၂ဂိုးပေး၊ ၁၈မှတ်ဖြင့် ယမန်နေ့ပွဲအပြီး ၁၈မှတ်ဖြင့် ပြည်ထဲရေးရယူထားသော ဆဋ္ဌမနေရာကို ဂိုးကွာခြားချက်ဖြင့် ပြန်လည်ရယူလိုက်သည်။ ထို့အတူ သစ်တောရေးရာအသင်းမှာလည်း ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံး၊ ၁၈ဂိုးသွင်း၊ ၁၇ဂိုးပေး၊ ၁၇မှတ်ဖြင့် ကမ္ဘောဇအသင်းရယူထားသော အဋ္ဌမနေရာကို ဂိုးကွာခြားချက်ဖြင့် ရယူလိုက်သည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
သုဝဏ္ဏကွင်း
ဆောက်လုပ်ရေးနှင့် စီးပွား/ကူးသန်း
အောင်ဆန်းကွင်း
ကာကွယ်ရေး နှင့် စွန်ရဲ
(ကြေးမုံ)

ဆောင်းရာသီအိုလံပစ် ဆုတံဆိပ်ရရှိမှု ဇယား

တူရင် ဖေဖော်ဝါရီ ၂၇

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပလျက်ရှိသည့် ဆောင်းရာသီအိုလံပစ် အားကစားပွဲတော်၌ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုမှာ အောက်ပါအတိုင်းဖြစ်သည်။ (ဖေဖော်ဝါရီ ၂၆ရက် အထိ)

နိုင်ငံ	ရွှေ	ငွေ	ကြေး
၁။ ဂျာမနီ	၁၁	၁၂	၆
၂။ အမေရိကန်	၉	၉	၇
၃။ ဩစတြီးယား	၉	၇	၇
၄။ ရုရှား	၈	၆	၈
၅။ ကနေဒါ	၇	၁၀	၇
၆။ ဆွီဒင်	၇	၂	၅
၇။ တောင်ကိုရီးယား	၆	၃	၂
၈။ ဆွစ်ဇာလန်	၅	၄	၅
၉။ အီတလီ	၅	၀	၆
၁၀။ ပြင်သစ်	၃	၂	၄
၁၁။ နယ်သာလန်	၃	၂	၄
၁၂။ အက်စ်တိုးနီးယား	၃	၀	၀
၁၃။ နော်ဝေ	၂	၈	၉
၁၄။ တရုတ်	၂	၄	၅
၁၅။ ချက်	၁	၂	၁
၁၆။ ခရိုအေးရှား	၁	၂	၀
၁၇။ ဩစတြေးလျ	၁	၀	၁
၁၈။ ဂျပန်	၁	၀	၀

အင်တာနက်။

ကိုရီးယား အိုလံပစ်အားကစားသမားနှစ်ဦး အီတလီတွင် ရွှေတံဆိပ် အသီးသီး ဆွတ်ခူး

တူရင် ဖေဖော်ဝါရီ ၂၇

တောင်ကိုရီးယားနိုင်ငံမှ အိုလံပစ်အားကစားမောင်မယ်များဖြစ်ကြသော အင်းဟွန်ဆူးနှင့် ဂျင်ဆွန်ယုတို့သည် အီတလီနိုင်ငံ တူရင်မြို့တွင် စနေနေ့က ကျင်းပသော ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်၌ ရွှေတံဆိပ် အသီးသီး ဆွတ်ခူးရယူလိုက်ကြသည်။

အင်းဟွန်ဆူးသည် အမျိုးသား မီတာ ၅၀၀၀ လက်ဆင့်ကမ်း စကိတ်စီးပြိုင်ပွဲတွင် ကနေဒါနိုင်ငံမှ မက်သူးတားကော့ကို ကျော်ဖြတ်ကာ ပန်းဝင်လာခဲ့သည်။

အမျိုးသမီး မီတာ ၁၀၀၀ စကိတ်စီးပြိုင်ပွဲတွင် ဂျင်ဆွန်ယုက ရွှေတံဆိပ်ရရှိသည်။

တာတို အမြန်စကိတ်စီးပြိုင်ပွဲများအနက် ပြိုင်ပွဲတစ်ခုဖြစ်သော မီတာ ၅၀၀ အမြန်စကိတ်စီးပြိုင်ပွဲတွင်မူ အမေရိကန်အိုလံပစ် အားကစားသမား အန်တွန်အိုနိုက ၄ ဒသမ ၉၃ စက္ကန့်ဖြင့် ရှေ့ဆုံးမှ ပန်းဝင်လာခဲ့ပြီး ကနေဒါနိုင်ငံမှ ဖရန်ဆွာလူးဝစ်ထရမ်ဘလေက ၄၂ ဒသမ ၀၀၂ စက္ကန့်ဖြင့် ဒုတိယဆု ဆွတ်ခူးသည်။ **အင်တာနက်။**



အီတလီနိုင်ငံ တူရင်မြို့၌ ကျင်းပသည့် အမျိုးသားမီတာ ၅၀၀၀ လက်ဆင့်ကမ်း စကိတ်စီးပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသော တောင်ကိုရီးယားအသင်းမှ အင်းဟွန်ဆူး အောင်ပွဲခံစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မီးသုံးခွဲလျှင် အသိယှဉ်၍ ဆင်ခြင်သတိ အမြဲရှိ

ဟာရီကီးဝဲလ်၏ အနိုင်ဂိုးဖြင့် လီဗာပူးက မန်စီးတီးကို အနိုင်ရ

လီဗာပူး(အင်္ဂလန်) ဖေဖော်ဝါရီ ၂၆

တနင်္ဂနွေနေ့က အန်းဖီးလ်ကွင်းတွင် ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ဩစတြေးလျလူမျိုး တောင်ပံကစားသမား ဟာရီကီးဝဲလ်၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် လီဗာပူးအသင်းက မန်ချက်စတာစီးတီးအသင်းကို အနိုင်ရရှိလိုက်ရာ အမှတ်ပေးဇယားတွင် ဒုတိယနေရာသို့ ရောက်လာသည်။

ကီးဝဲလ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒုတိယအကြိမ် ဂိုးသွင်းနိုင်ခြင်းဖြစ်သည်။ မန်နေဂျာ ရာဖေးလ် ဘင်နီတက်စ်၏ လီဗာပူးအသင်းသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ကျင်းပသည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ဘင်ဖီကာ ကလပ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ပြန်လည် အားသစ်လောင်းနိုင်ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် သုံးပွဲဆက်တိုက် အနိုင်ရရှိခြင်းဖြစ်ကာ ဒုတိယနေရာတွင်ရှိနေသည့် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အမှတ်တူ ရပ်တည်လျက်ရှိသည်။

မန်ချက်စတာစီးတီးအသင်းသည် အဝေးကွင်းတွင် ကစားခဲ့သည့် နောက်ဆုံးခြောက်ပွဲစလုံး၌ အနိုင်ရရှိအောင် ကစားနိုင်ခြင်းမရှိခဲ့ပေ။

ယခုပွဲတွင် မန်ချက်စတာစီးတီးအသင်း၏ ကွင်းလယ်ကစားသမား ဂျိုင်းဘာတန်သည် ပွဲချိန် ၅၂မိနစ်တွင် ထုတ်ပယ်ခံခဲ့ရသည်။

အင်တာနက်။

ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းမှ ကီးဝဲလ်က အနိုင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အောင်ပွဲခံစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြီးကြပ်ဒိုင် တာဝန်ထမ်းဆောင်ရန် ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၇ခုနှစ် အာရှဖလား ဘောလုံးပြိုင်ပွဲခြေစစ်ပွဲ အုပ်စု (F) ပွဲစဉ်(၃)အဖြစ် မတ် ၁ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ဟောင်ကောင် အသင်းတို့၏ ပွဲစဉ်ကို ကြီးကြပ်ဒိုင်တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဒိုင်ကြီးကြပ် ဦးထွန်းလှအောင် (ရေအားလျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန) သည် ယမန်နေ့က လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)** (ကြေးမုံ)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဦးမြတ်ခိုင်သည် ကစားဖော်များဖြစ်ကြသော ဦးမြဆွေ (မြည်နောင်ပလတ်စတစ်)၊ ဦးအောင်ဝင်းသန်း၊ ဦးအေးငွေ၊ ဦးခင်မောင်ချိုတို့နှင့်အတူ ဇန်နဝါရီ ၁၉ရက်နှင့် ဖေဖော်ဝါရီ ၃ရက်တို့တွင် ရန်ကုန်မြို့ ကိုးမိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်း ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားကြရာ ၁၅၄ ကိုက် အကွာအဝေးရှိ ကျင်း အမှတ် (၅)တွင် Titliest Professional No. (90) ဘောလုံးကို Tour Classic No. (6) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (သတင်းစဉ်)

၂၀၀၅ -၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၅-၂၀၀၆ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီး များ၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲ ဖွင့်လှစ်

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် အဖွဲ့ဝင်များ အသင်းလိုက် အကျော့ပေးပြိုင်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆုဖလားကြီး ဆွတ်ခူးရရှိသွားသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်းအတွင်း နွေစပါးစိုက်ပျိုးမှု ကြည့်ရှု ရဲနွယ်ရေလှောင်တမံနှင့် ခပေါင်းရေလှောင်တမံ စီမံကိန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ် ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၇ နာရီမိနစ် ၄၀ တွင် မော်တော်ယာဉ်များဖြင့် ပဲခူးတိုင်း ပဲခူးမြို့နယ် ပေါက်တောကျေးရွာရှိ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင် သန်း ရဲနွယ် ရေလှောင်တမံ ရေယူဥမင်ကို ကြည့်ရှုစစ်ဆေး စဉ်။ (သတင်းစဉ်)

ပြည်သူများ ဗဟုသုတဆည်းပူးနိုင်သည့်နေရာ ကန်တော်ကြီး ရေချိုငါးဥယျာဉ်

သတင်းနှင့်ဓာတ်ပုံ - ညီညီစိုးညွန့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရေသတ္တဝါများ၏ အလေ့အထ၊ အမူအရာ၊ သဘာဝအနေအထားများကို လေ့လာ နိုင်ရန်နှင့် သာယာအေးချမ်းသည့် ပတ်ဝန်းကျင်တွင် အများပြည်သူ လာရောက်အပန်းဖြေ နိုင်ရန် ကန်တော်ကြီး ရေချိုငါးဥယျာဉ်ကို ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ ကန်တော်ကြီး ပညာပေးရေးဇုန်အတွင်း ဖွင့်လှစ်ထားသည်။

အဆိုပါ ကန်တော်ကြီးရေချိုငါးဥယျာဉ်သည် ပြည်တွင်း၊ ပြည်ပ ရေချိုငါးမျိုး များကို တစ်နေရာတည်းနှင့် အများပြည်သူများ လေ့လာအပန်းဖြေနိုင်မည့် အကောင်းဆုံးနေရာ တစ်ခုဖြစ်အောင် ဖန်တီးထားသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●

ကန်တော်ကြီး ရေချိုငါးဥယျာဉ်တွင် ပြသထားသော ဂေါ်ပြား နှာခေါင်းကျား ကြောင်ငါးတစ်ကောင်ကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံ-ညီညီစိုးညွန့်

ငါးမုတ်ဆိတ် (Silver Arowana) ငါးကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံ-ညီညီစိုးညွန့်

ထူးခြားသည့် ညအပူချိန်

(၂၇-၂-၂၀၀၆)

ပင်လောင်း

၆ ဒီဂရီစင်တီဂရိတ်

လားရှိုး

၇ ဒီဂရီစင်တီဂရိတ်